မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ရက်၊ ၂၀၀၈ခုနှစ်၊ စက်တင်ဘာ ၂၈ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၇)၊ အမှတ်(၁၅၆)

ပဋ္ဌိတာနုဒ္ဒသေဝနာ ဧတံ မင်္ဂလ မုတ္တမံ

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တွင် စက်မှုကဏ္ဍ ပါဝင်မှုအချိုးအစား မြင့်မားရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးသည်။

စာမျက်နှာ ၁၃ ကော်လံ ၃ ❖

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကမ္ဘာ့မြေဆီလွှာညစ်ညမ်းမှုကို ကာကွယ် မြေသားပထဝီ၏ ဝန်းကျင်ကိုထိန်းသိမ်းစောင့်ရှောက်

အောင်သုတ၏ သတင်းအက်ဆေး

စာမျက်နှာဖွဲ့ စည်းမှု ဟန်စိုး

ရန်ကုန် စက်တင်ဘာ ၂၇

မြေဆီလွှာညစ်ညမ်းမှု (soil pollution) ဟူသည် လူတို့ထုတ်လုပ်အသုံးပြုသည့် ဓာတုပစ္စည်းများ မြေဆီလွှာအတွင်းသို့ ပျံ့နှံ့ရောက်ရှိသွားခြင်းနှင့် သဘာဝမြေဆီလွှာဝန်းကျင်အနေအထား (natural soil environment) အရ အပြောင်းအလဲများ ဖြစ်ပေါ်ခြင်းတို့ကြောင့် မြေ၏ ပင်ကိုဂုဏ်သတ္တိများ ပျက်ယွင်းမှုကို ရည်ညွှန်းသည်။

သဘာဝက ဖန်တီးပေးထားသောမြေကို လူက မှီခိုအားထားနေရပြီး မြေကိုအမှီပြု၍ လူတို့အသက်ရှင်သန်နေရသည် ဖြစ်ရာ မြေသား ပထဝီ၏ သဘာဝ ပတ်ဝန်းကျင် သာယာလှပမှသာ လူ့ဘောင်တစ်ရပ်လုံး သာယာဝပြောနိုင်ပေလိမ့်မည်။

မြေဆီလွှာ

မြေအောက် သိုလှောင်ကန်များ (underground storage tanks) ကျိုးပေါက်ခြင်း၊ ပိုးသတ်ဆေးများ အသုံးပြုခြင်း (application of pesticides)၊ ညစ်ညမ်းလျက်ရှိသော မြေပေါ်ရေက ယင်းနှင့် ထိစပ်နေသော အပေါ်ယံမြေလွှာသို့ ညစ်ညမ်းပစ္စည်းများ စိမ့်ဝင်စေခြင်း

စာမျက်နှာ ၈ ကော်လံ ၅ ●

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၈ ရက်)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တိုင်းရင်းသား ပြည်သူအားလုံး ဝိုင်းဝန်းဖော်ဆောင်

မျက်မှောက်ကမ္ဘာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ သစ်တောသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပြုန်းတီးမှုကို ကာကွယ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။

သိပ္ပံပညာ၊ စက်မှုပညာ၊ နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အမျှ ကမ္ဘာ့သယံဇာတ အရင်းအမြစ်များကို လူတိုင်းရှာဖွေဖော်ထုတ်သုံးစွဲလာကြ၍ လေထု၊ရေထု၊မြေထု ညစ်ညမ်းယိုယွင်းပျက်စီးလာပြီး သစ်တောပြုန်းတီးမှု၊ မြေဆီလွှာပြုန်းတီးမှု၊ ဇီဝမျိုးကွဲများဆုံးရှုံးမှုများ၊ အိုဇုန်းလွှာပျက်စီးမှုများကြောင့် ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လာခဲ့ရသည်။

ကမ္ဘာ့ကုလသမဂ္ဂသည် လူသားနှင့်ပတ်ဝန်းကျင် ညီလာခံကို ၁၉၇၂ခု ဇွန်၅ရက်က ကျင်းပခဲ့ပြီး **ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် UNEP** ကို ဖွဲ့စည်းထူထောင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်ကို ၁၉၉၀ ပြည့်နှစ်၌ ဖွဲ့စည်း၍ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကို ဖော်ဆောင်လျက်ရှိပြီး သစ်တောများ ရှင်သန်ဖြစ်ထွန်းရေးအတွက် ကြိုးဝိုင်းတော၊ ကြိုးပြင်ပကာကွယ်တောနှင့် သဘာဝနယ်မြေများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ ဒီရေတောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းရေး၊ ရေဝေရေလဲဒေသ စီမံကိန်းများ စသည်ဖြင့် အထူးစီမံကိန်းများချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးတည်ထောင်ခြင်း၊ သဘာဝနယ်မြေများ၊ ဘေးမဲ့တောများ၊တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ ထူထောင်ခြင်းတို့ဖြင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံ၏ ရေ၊ မြေ၊ သဘာဝအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံသားတိုင်း၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်စပ်လျက်ရှိရာ သဘာဝပတ်ဝန်းကျင်ဖြစ်သော သစ်တောသစ်ပင်၊ သားငှက်တိရစ္ဆာန်၊ အင်းအိုင်အပါအဝင် သဘာဝပတ်ဝန်းကျင်ကို မပျက်စီးရန် တိုင်းရင်းသားပြည်သူအပေါင်းက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကချင်ပြည်နယ်ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မြစ်ကြီးနား စက်တင်ဘာ ၂၇

၂၀၀၈ခုနှစ် ကချင်ပြည်နယ်ရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၄ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်စိုးဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမောင်မောင်လွင်က ကချင်ပြည်နယ်ရဲတပ်ဖွဲ့၏ ၂၀၀၈ခုနှစ် လုပ်ငန်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုချီးမြှင့်

ဆက်လက်၍ တိုင်းမှူးက ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးအများဆုံး ဖမ်းဆီးရရှိသည့် မြစ်ကြီးနားမူးယစ်အထူးတပ်ဖွဲ့မှ ရဲအုပ်ထန်နိမ်နှင့် ဖားကန့်ရဲတပ်ဖွဲ့မှ စခန်းမှူးရဲအုပ်သန်းဦးတို့အား ငွေကျပ်ငါးသိန်းစီ ဂုဏ်ပြုချီးမြှင့်ပေးအပ်သည်။

(ပြည်နယ် ပြန်/ဆက်)

ကယားပြည်နယ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

လွိုင်ကော် စက်တင်ဘာ ၂၇

ကယားပြည်နယ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ရက် နံနက် ၈နာရီခွဲက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားသို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နီဝင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်ဝါသနာရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး ပြိုင်ပွဲဝင်မျိုးဆက်သစ်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကယားပြည်နယ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား ယူနိုက်တက်ကင်းဒမ်းနိုင်ငံသံအမတ်ကြီး တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်အား 3.D Fund Board ဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ သံအမတ်ကြီး Mr.Mark Canning နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်အား 3.D Fund Board ဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ သံအမတ်ကြီး Mr.Mark Canning နှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ရုံးခန်းမသို့ လာရောက်တွေ့ဆုံပြီး ရောဂါကြီးသုံးမျိုးကို တိုက်ဖျက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ရှိရသည့်အခက်အခဲများကို ရှင်းလင်းဆွေးနွေးကြပြီး အမျိုးသားစီမံချက်မန်နေဂျာများကလည်း စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးကြသည်။ ဒုတိယနှစ်တွင် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး 3.D Fund Board အဖွဲ့အနေဖြင့်လည်း တတိယနှစ် ရန်ပုံငွေလျာထားရေးအတွက် စတင်ဆောင်ရွက်နေသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် ညွှန်ကြားရေးမှူးများ၊ ရောဂါကြီးသုံးမျိုးတိုက်ဖျက်ရေးစီမံချက်များမှ စီမံချက်မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၈-၉-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၃၀ ၄။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မိန်းမပျိုလေးနှင့် သူမ၏ ကိုယ်ရံတော်**
၁၃:၅၀ ၅။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၀ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၈။ သံစဉ်များနဲ့ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ် မျက်လှည့်ပညာရှင်များ
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၁၀)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ ဂုဏ်ပြုဇာတ်လမ်း **ရေဆုံးမြေဆုံး**

28-9 (02).pmd 1 9/28/2008, 3:22 AM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မြစ်ကြီးနားမြို့ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)၌ ဆေးတပ်ဖွဲ့အရာရှိများအား တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်ရှိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေသည့် အရှည်ပေ၂၁၃၀၊ အကျယ်၁၈ပေရှိ ရွှေလမ်းကို ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် စက်ယန္တရားကြီးများဖြင့် လမ်းအဆင့်မြှင့်လုပ်ငန်းဆောင်ရွက်မှုများနှင့် ကတ္တရာခင်းထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနားလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း တိုးချဲ့ဖောက်လုပ်ထားသည့် ပေ၇၀၀၀ မြေသားလမ်း၊ မြစ်ကြီးနားလေဆိပ်အဆောက်အအုံ၊ လေဆိပ်လုံခြုံရေး၊ လေဆိပ်လုပ်ငန်းဆိုင်ရာများ၊ လေဆိပ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုနှင့် လေယာဉ်ပြေးလမ်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနားမြို့မှလေကြောင်းခရီးဖြင့် နေပြည်တော်သို့ နံနက်၁၁နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မြစ်ကြီးနားမြို့လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကောင်းသောစိတ်သည်သာလျှင် ချမ်းသာသုခကို ပေးစွမ်းနိုင်၏

လောကီ၊ လောကုတ္တရာ နှစ်ဖြာသော သုခချမ်းသာမျိုးကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။

ကောင်းစွာစောင့်ရှောက် ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။

(ဓမ္မပဒ - ၄၄)

ဖလားဝါးနယူးစ်ဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၇

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၃၈)၌ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့၊ ရန်ကုန်ရှိ အငှားယာဉ်များ လိုင်စင်သက်တမ်းတိုးရန် ကြိုတင်ရက်ချိန်းယူနိုင်၊ အင်းလေးကန် မိုင်၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ဆောင်မည်၊ မုန်တိုင်းသင့်ပြည်သူများအတွက် ကန်ဒေါ်လာ ၂၁သန်း ဂျပန်အစိုးရ ထပ်မံကူညီမည်၊ ကားလမ်းပြုပြင်နေသဖြင့် ရန်ကုန်-ဟင်္သာတခရီးစဉ် ယခင်ထက်ပိုမိုကြာမြင့်၊ အိမ်ခြံမြေအငှားဈေးနှုန်း မြင့်တက်လာနိုင်၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း ဒေသကြီး ငါးခုတွင်ဆောင်ရွက်၊ ပါရမီလက်အောက်ရှိ ယာဉ်လိုင်းများအရေးယူရာတွင် ဒဏ်ကြေးအပြင် အလုပ်မှ ရပ်စဲသည်အထိ ပြစ်ဒဏ်ချမှတ်ထား စသည့် ပြည်တွင်းရေးရာသတင်းများနှင့် အတူ **'တစ်ပတ်ထဲမှာပြောစရာ (Quotes of the Week)'** ကဏ္ဍ၊ **'စင်ကာပူ ဗီဇာနှင့် ဂျပန်ဗီဇာ'** လျှောက်ရာတွင် ဒါတွေသိစေချင်၊ သစ်တစ်ပင်ကောင်းလျှင်. . .၊ **သမိုင်းကိုဖြောင့်ချက်ပေးခြင်း(သို့) အတ္ထုပ္ပတ္တိစာရေးခြင်း. . .** လူမှုဘဝအတွေးအမြင် သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

'ကျွန်မတို့က တိုင်းပြည်ကိုပြုပြင်ပြောင်းလဲရေးလုပ်မှာဖြစ်တယ်' ရီပတ်ဘလီကင် ဒုတိယသမ္မတလောင်း ဆာရာပလင်းနှင့် ABC News တို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ငွေကြေးလုပ်ငန်းတွေ ဖရိုဖရဲဖြစ်သွားကြရတာ ဘာကြောင့်လဲ၊ ဆူနာမီဖြစ်လျှင် စင်ကာပူပြေးမလွတ်၊ တရုတ်အောင်မြင်မှုကို ဘရာဇီးလ်ချီးကျူး၊ ရေအောက်ပိုက်လိုင်းမှတစ်ဆင့် ရုရှားမှ အက်စတိုးနီးယားသို့ ဖော့ကာ အရက်များ တရားမဝင်ခိုးသွင်း၊ အိန္ဒိယတွင် ပြစ်မှုများဖော်ထုတ်နိုင်မည့် နည်းအသစ်ရှာ၊ အင်ဒိုနီးရှားတွင် အိမ်ခြေရာမဲ့များက အမှိုက်ပုံထဲမှ အသားများကို ပြန်လည်ပြုပြင်ရောင်းချ၊ မိုးဇက်၏ ရာစုနှစ်ပေါင်းများစွာ ပျောက်ဆုံးနေသည့်တေးဂီတ ပြန်တွေ့၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးမှ ငွေသားအမြောက်အမြား သိမ်းဆည်းရရှိ၊ တိုနီဘလဲ အချိန်ပိုင်း နည်းပြအဖြစ် အသက်မွေးမှုပြုမည်၊ ပန်းကန် စင်ကြယ်စွာ မဆေးကြောသောချစ်သူကို ရိုက်နှက်ခဲ့သည့် မိန်းကလေး ဒဏ်ငွေဒေါ်လာ ၁၀၀၀၀ ဆောင်ခဲ့ရ စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

ဇန်းမော်မြို့နယ် မြလယ်-ကောင်းတုံ ကျောက်ချောလမ်းပြင်ဆင်ခင်းကျင်း

ရန်ကုန် စက်တင်ဘာ ၂၇

ကချင်ပြည်နယ် ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်းများ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၃ရက်က မြလယ်-ကောင်းတုံ ကျေးလက်ကျောက်ချောလမ်း ပြင်ဆင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးနေလင်း ဆောင်ရွက်နေရာသို့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လွင်ဦးက ကွင်းဆင်းကြီးကြပ်စစ်ဆေးသည်။

ဖာထေးပြုပြင်

အလားတူ ဇန်းမော်မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် လမ်းမကြီးများရှိ လမ်းပေါက်များ ဖာထေးပြုပြင်ခြင်းလုပ်ငန်းများကို စက်တင်ဘာ၁၄ရက်တွင် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်ဇော်ဦးက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လေဘေးကယ်ဆယ်ရေးလုပ်ငန်း ဆွေးနွေးပွဲကျင်းပမည့်ရက် ပြောင်းရွှေ့ခြင်း

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)မှ ဆောင်ရွက်ခဲ့သော လေဘေးကယ်ဆယ်ရေး အစီအစဉ်များကို ကဏ္ဍအသီးသီးမှ တင်ပြဆွေးနွေးသည့် Post Nargis Seminar အား ကျင်းပမည့်ရက်ကို စက်တင်ဘာ ၂၇ရက် (စနေနေ့) အစား အောက်တိုဘာ ၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ရက်ပြောင်းရွှေ့ ကျင်းပမည်ဟုသိရသည်။

(မြန်မာ့အလင်း)

၂၀၀၈ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရသူများကြေညာ

ရန်ကုန် စက်တင်ဘာ ၂၇

၂၀၀၈ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက ယမန်နေ့က ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲကို **'ဆရာ့ပီတိ'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်သဇင်၊ ဒုတိယဆုကို ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်အေးမြတ်စန္ဒာထွန်းနှင့် တတိယဆုကို မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်းမှ အငြိမ်းစား မူလတန်းကျောင်းအုပ် ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)တို့က ရရှိကြသည်။

အခြေခံပညာ အလယ်တန်းအဆင့် ဆရာ ဆရာမများဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်နန်းတင်ရီ (တက္ကသိုလ် နန်းဖြူဖြူထွန်း)၊ ဒုတိယဆုကို နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ဆရာမ ဒေါ်ဌေးဌေးကြွယ်(ရှင်ယုယ)နှင့် တတိယဆုကို နေပြည်တော် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဒေါ်သီတာ(ငြိမ်းသီတာ) တို့က ရရှိကြသည်။

အခြေခံပညာ အထက်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို မန္တလေးတိုင်း ပညာရေးမှူးရုံးမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးမြင့်မျိုး (အေးငြိမ်းကို)၊ ဒုတိယဆုကို ပဲခူးတိုင်း ပညာရေးမှူးရုံးမှ အငြိမ်းစား တိုင်းပညာရေးမှူး ဦးသိန်းလှိုင်နှင့် တတိယဆုကို စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ကျောက်မြောင်း အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးနေဝင်းတို့က ရရှိကြသည်။

အဆင့်မြင့်ပညာအဆင့် ဆရာ ဆရာမများဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာသန်းဝင်း၊ ဒုတိယဆုကို ပုသိမ်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာနွယ်နွယ်စိုးနှင့် တတိယဆုကို ပဲခူးဒီဂရီကောလိပ် မြန်မာစာဌာနမှ ပါမောက္ခဒေါက်တာချိုချိုတင့်တို့က ရရှိကြသည်။

စာစီစာကုံးပြိုင်ပွဲ

အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **'ဆရာကောင်းမှ တပည့်ကောင်း'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ချင်းပြည်နယ် ဖလမ်းမြို့ အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မကတ်သရင်းရှန်မွန်ကိမ်း၊ ဒုတိယဆုကို မွန်ပြည်နယ် မုဒုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မသီရိမြတ်နိုးဦးနှင့် တတိယဆုကို ရန်ကုန်တိုင်း ခရမ်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မသူဇင်မင်းတို့က ရရှိကြသည်။

အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **'ဆရာကောင်းမှ တပည့်ကောင်း'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မနီယာန်ချင်းပါရ်၊ ဒုတိယဆုကို မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မဝတ်ရည်ငြိမ်းနှင့် တတိယဆုကို မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မခိုင်ဇင်မွန်တို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **'ပညာ့ဥယျာဉ်မှူး'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ဘားအံ ပညာရေးကောလိပ်မှ ဒုတိယနှစ်(သိပ္ပံ) သင်တန်းသူ မနန်းညိုလှိုင်၊ ဒုတိယဆုကို တောင်ငူ ပညာရေးကောလိပ်မှ ဒုတိယနှစ် (သိပ္ပံ) သင်တန်းသူ မယုမွန်သဲနှင့် တတိယဆုကို မုံရွာပညာရေးကောလိပ် ဒုတိယနှစ်(သိပ္ပံ)သင်တန်းသား မောင်ဇေယျာဝင်းတို့က ရရှိကြသည်။

ကဗျာပြိုင်ပွဲ

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲကို **'အသီးတစ်ရာ အညှာတစ်ခု'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မရတီဖြိုး၊ ဒုတိယဆုကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မအိအိဇော်တင်သိန်းနှင့် တတိယဆုကို စစ်ကိုင်းတိုင်း မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မသူသူဟန်တို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲကို **'အသီးတစ်ရာ အညှာတစ်ခု'** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မသင်းမြတ်မြတ်စိုး၊ ဒုတိယဆုကို မန္တလေးတိုင်း မြစ်သားမြို့နယ် ကူမဲအခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသား မောင်ဇေညွန့်ဆက်နှင့် တတိယဆုကို မွန်ပြည်နယ် မုဒုံမြို့နယ် ပိန္နဲတိုက် အခြေခံပညာအထက်တန်းကျောင်းခွဲမှ အဋ္ဌမတန်းကျောင်းသူ မနန်းထက်ထက်မိုးတို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ပညာရေး ကောလိပ်အဆင့် ကဗျာပြိုင်ပွဲကို **'ဆရာကောင်း တပည့် ပန်းကောင်းပန်'** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တတိယနှစ်(ပညာရေးဘွဲ့) သင်တန်းသား မောင်ရန်နိုင်စိုး၊ ဒုတိယဆုကို ဘားအံ ပညာရေးကောလိပ် ဒုတိယနှစ်(သိပ္ပံ) သင်တန်းသူ မမြတ်ဆုမွန်နှင့် တတိယဆုကို မကွေးပညာရေးကောလိပ် လုပ်ခွင်ကြိုဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းမှ သင်တန်းသား မောင်ကိုကိုလွင်တို့က ရရှိကြသည်။

မပျက်မကွက်သတင်းပို့

ဆုရရှိသူများသည် ၂၀၀၈ခုနှစ် အောက်တိုဘာ ၁ရက် (ဗုဒ္ဓဟူးနေ့)ညနေ နောက်ဆုံးထား၍ နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာကျော်ဝင်းစိုး ဖုန်း-၀၆၇-၄၂၀၁၃၈ သို့ လူကိုယ်တိုင် မပျက်မကွက် သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

28-9 (03).pmd 1 9/28/2008, 3:22 AM

ဒီဂျစ်တယ်ကင်မရာ

ဂျာမနီနိုင်ငံ ကိုလုံးမြို့တွင် ကမ္ဘာ့ရုပ်ပုံများအမည်ရှိ ပြပွဲကိုကျင်းပလျက်ရှိရာ အရောင်းမြှင့်တင်ရေး ဝန်ထမ်းတစ်ဦးက ဒီဂျစ်တယ်ကင်နွန်ကင်မရာတစ်လုံးပြသနေသည်ကို စက်တင်ဘာ ၂၆ရက်က တွေ့ရစဉ်။ (ယင်းပြပွဲတွင် နိုင်ငံပေါင်း ၄၆နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၅၇၉ခုတို့က ၎င်းတို့၏ နောက်ဆုံးပေါ် နည်းပညာများကို ပြသလျက်ရှိကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**



အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၂၀၀၃ ခုနှစ်နောက်ပိုင်း ၄၁၇၁ ဦး ရှိပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက် ဒီယာလာပြည်နယ်အတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က စက်တင်ဘာ၂၅ရက်တွင် ကြေညာသည်။

ကျဆုံးသွား

အမေရိကန်တပ်ဖွဲ့ဝင်မှာ မြောက်ပိုင်း နိုင်ငံစုံတပ်မမှ ဖြစ်ပြီး စက်တင်ဘာ၂၄ရက်က ပြည်နယ်အတွင်းစစ်ဆင်ရေး ဆင်နွှဲစဉ် သေဆုံးသွားရခြင်း ဖြစ်သည်ဟု အသေးစိတ် မဖော်ပြဘဲ အမေရိကန်စစ်ဘက်က ကြေညာသည်။ ထို ပြည်နယ်အတွင်းတွင် အစွန်းရောက် ဆွန်နီနှင့် ရှီးယိုက် ပြည်သူ့စစ်များအား အမေရိကန်နှင့် အီရတ်လုံခြုံရေးတပ်များက အကြီးအကျယ်ထိုးစစ်ဆင်တိုက်ခိုက်စဉ် ကျဆုံးသွားခြင်းဖြစ်သည်။

သေဆုံး

၂၀၀၃ခုနှစ်က အီရတ်အား အမေရိကန်နှင့် အပေါင်းပါတပ်များ ကျူးကျော်ပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၄၁၇၁ဦးရှိသွားပြီဟု ဆင်ဟွာက ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

စီးပွားရေးတိုးမြှင့် ဆောင်ရွက်ရန်
တရုတ်-ဗင်နီဇွဲလား သဘောတူညီ

ပေကျင်း စက်တင်ဘာ ၂၇

တရုတ်နှင့်ဗင်နီဇွဲလားနှစ်နိုင်ငံ အနေဖြင့် စွမ်းအင်နှင့် စိုက်ပျိုးရေးကဏ္ဍတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီမှုကို စက်တင်ဘာ၂၅ရက်က သဘောတူလက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်သည်။

တက်ရောက်

ယင်းပူးပေါင်းဆောင်ရွက်မှု ကော်မတီ အစည်းအဝေးသို့ ဗင်နီဇွဲလားသမ္မတ ဟူဂို ချာဗက်ဇ်၊ တရုတ် ဒုတိယဝန်ကြီးချုပ်နှင့် နှစ်နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၂၀၀ခန့် တက်ရောက်သည်။

အကျိုးတူလုပ်ဆောင်

အဆိုပါ အစည်းအဝေး၌ တရုတ်ဒုတိယ ဝန်ကြီးချုပ်က ၎င်းနိုင်ငံ၏စီးပွားရေးကဏ္ဍ၊ နည်းပညာဆိုင်ရာများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရာ၌ ဒေသတွင်း အခြေခံလိုအပ်သည့် စွမ်းအင်ဆိုင်ရာနှင့် စိုက်ပျိုးရေးကဏ္ဍတို့ကို အကျိုးတူလုပ်ဆောင်သွားမည် ဖြစ်သည်။

ပြောကြား

တရုတ်-ဗင်နီဇွဲလား မိတ်ဆွေဖက်နိုင်ငံများသည် ၂၀၀၁ခုနှစ်မှစတင်ကာ ကုန်သွယ်ရေးကဏ္ဍ၊ ယဉ်ကျေးမှုနှင့် အခြားသော နယ်ပယ်ကဏ္ဍစုံ၌ အပြန်အလှန် အကျိုးတူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ထည့်သွင်း ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်၌ တိုက်ပွဲဖြစ်ပွား သူပုန်ငါးဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၇

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်အတွင်း အီရတ်လုံခြုံရေးတပ်များက စက်တင်ဘာ ၂၅ရက်တွင် စစ်ဆင်ရေးဆင်နွှဲစဉ်အတွင်း သူပုန်ငါးဦး သေဆုံးသွားကြောင်း ပြည်နယ် ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

ထိုနေ့ အရုဏ်တက်ချိန်တွင် ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၈၀ ခန့်အကွာ မန်ဒီလီမြို့တွင်းရှိ အယ်လ်ခိုင်ဒါ စစ်သွေးကြွများ ပုန်းအောင်းသည်ဟု ယူဆသည့် နေအိမ်တစ်လုံးကို အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များ ပူးတွဲဝင်ရောက် စီးနင်းစဉ် တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန် တိုက်ခိုက်သည်။

နေအိမ်အတွင်း ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် သေနတ်သမား စုစုပေါင်း ငါးဦး သေဆုံးခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗုံးခွဲ တိုက်ခိုက်မှု ဒဏ်ရာရရှိ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဆေးရုံပေါ်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသည့် ကလေးငယ်တစ်ဦး ဆေးဝါးကုသမှု ခံယူလျက်ရှိသည်ကို စက်တင်ဘာ ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှား အီလက်ထရွန်နစ်စက်မှုကဏ္ဍ ယခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်

ဂျကာတာ စက်တင်ဘာ ၂၇

ယခုနှစ် နှစ်ဝက်ကျော်ကာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၏အီလက်ထရွန်နစ်စက်မှုကဏ္ဍ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၄၈၁ ဒသမ ၇ သန်းသို့ရောက်ရှိပြီး ယခင်နှစ်က အမေရိကန်ဒေါ်လာ၂၀၄ ဒသမ ၇သန်းသာ ရင်းနှီးမြှုပ်နှံခဲ့သည်။

ထုတ်ဖော်ပြောကြား

ယခုနှစ်အတွင်း အီလက်ထရွန်နစ် မူလရင်းနှီးမြှုပ်နှံမှုအရ အမေရိကန်ဒေါ်လာ သန်း ၃၃၀ ရှိခဲ့ရာမှ ဆန်းသစ်တီထွင်သည့် လုပ်ငန်းသစ်စီမံကိန်းအရ အမေရိကန်ဒေါ်လာ ၁၅၁ ဒသမ ၇သန်း ထပ်မံရင်းနှီးမြှုပ်နှံထားရှိခြင်းဖြစ်ကြောင်း စက်တင်ဘာ ၂၅ရက်တွင် စက်မှုဝန်ကြီးဌာန အီလက်ထရွန်နစ်လုပ်ငန်းမှ ဒါရိုက်တာအဗ္ဗဒူဝါဟစ်က ထုတ်ဖော်ပြောကြားသည်။

ရည်မှန်းထား

အင်ဒိုနီးရှားနိုင်ငံရှိ အီလက်ထရွန်နစ်ကုမ္ပဏီများဖြစ်သည့် ဆမ်ဆောင်းကုမ္ပဏီနှင့်ရှပ်ကုမ္ပဏီတို့က ထုတ်ကုန်ပစ္စည်းသစ်များအား ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်ရေး ရည်မှန်းထားရှိသည်။

တိုးမြှင့်

ရှပ်ကုမ္ပဏီအနေဖြင့် ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်ထုတ်လုပ်သည့် စက်ရုံသစ်များဖွင့်လှစ်ရန် အမေရိကန် ဒေါ်လာ ၁၆ သန်း ရင်းနှီးမြှုပ်နှံကာ ယခုနှစ်အတွင်း တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၇-၉-၂၀၀၈

တရုတ်နိုင်ငံ လန်ကျို့-ချုံကျင်း အကြား ရထားလမ်း စတင်ဖောက်လုပ်

လန်ကျို့ စက်တင်ဘာ ၂၇

တရုတ်နိုင်ငံ ဂန်ဆုပြည်နယ် မြို့တော်လန်ကျို့နှင့် ချုံကျင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဆက်သွယ်မည့် အရှည် ကီလိုမီတာ ၈၂၀ ရှည်လျားသည့် ရထားလမ်းသစ်ကို စတင်ဖောက်လုပ်နေပြီဖြစ်သည်။ ယင်းရထားလမ်းဖောက်လုပ်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၁ဒသမ၃ဘီလီယံကုန်ကျမည်ဖြစ်ကြောင်း၊ ရထားလမ်း ဖောက်လုပ်ပြီးစီးပါက လန်ကျို့မြို့နှင့် ချုံကျင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ကို ၁၇နာရီခွဲကြာ သွားလာနေရာမှ ၆နာရီခွဲဖြင့် အရောက်သွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဟောင်ကောင်ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

ဟောင်ကောင် စက်တင်ဘာ ၂၇

တရုတ်နိုင်ငံ ဟောင်ကောင်ဒေသရှိ ရွှေဈေးကွက်၌ ရွှေဈေးနှုန်းမှာအနည်းငယ် ကျဆင်းလာခဲ့ကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။ ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂ဒသမ၇၂ဒေါ်လာကျဆင်းလာခဲ့ကြောင်း၊ လက်ရှိပေါက်ဈေး၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၈၇၂ဒသမ ၈၇ ဒေါ်လာ ပေါက်ဈေးရှိကြောင်း သိရသည်။

အဲအာရှလေကြောင်းလိုင်း ကွာလာလမ်ပူမှ စင်ကာပူသို့ လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းမည်

ကွာလာလမ်ပူ စက်တင်ဘာ ၂၇

မလေးရှားနိုင်ငံပိုင် လေကြောင်းလိုင်းဖြစ်သည့် အဲအာရှလေကြောင်းလိုင်းအနေဖြင့် မလေးရှားနိုင်ငံမြို့တော်ကွာလာလမ်ပူမှ စင်ကာပူသို့လေကြောင်းခရီးစဉ်များတိုးချဲ့သည့်အနေဖြင့် နေ့စဉ်လေးကြိမ် တိုးချဲ့ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း မလေးရှား အမျိုးသားသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

တောရိုင်းတိရစ္ဆာန်မှောင်ခိုရောင်းဝယ်သူ ဘရာဇီး၌ ၁၃ဦး ဖမ်းဆီး

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၂၇

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ကာရူယာဒေသတွင် တောရိုင်းတိရစ္ဆာန်များအတွက် လွတ်မြောက်ရေးတိုက်ပွဲဟု အမည်ပေးထားသော စစ်ဆင်ရေးတစ်ခု ပြုလုပ်ခဲ့ရာ တောရိုင်းတိရစ္ဆာန်မှောင်ခိုရောင်းဝယ်သူ ၁၃ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး တောရိုင်းတိရစ္ဆာန်ကောင်ရေ ၁၀၀၀ ကျော်ကို ကယ်တင်နိုင်ခဲ့ကြောင်း ဒေသတွင်းသတင်းစာများက ရေးသားဖော်ပြသည်။ သုံးရက်ကြာ ပြုလုပ်ခဲ့သည့် ယင်းစစ်ဆင်ရေးမှာ ၂၀၀၃ခုနှစ် နောက်ပိုင်း အကြီးမားဆုံး တောရိုင်းတိရစ္ဆာန်ကယ်တင်ရေးဖြစ်သည်။

ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာသစ် ကျူးဘားနှင့် ဘရာဇီး လက်မှတ်ရေးထိုး

ဟာဗားနား စက်တင်ဘာ ၂၇

ကျူးဘားနှင့်ဘရာဇီး နှစ်နိုင်ငံအနေဖြင့် သတ္တုတူးဖော်ရေး၊ ရေအရင်းအမြစ်နှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းလုပ်ဆောင်ရေး နားလည်မှုစာချွန်လွှာသစ်တစ်ရပ်ကို ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် သဘောတူလက်မှတ်ရေးထိုးလိုက်သည်။ ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာသစ်အရ ကျူးဘားနိုင်ငံ၏ သတ္တုတူးဖော်ရေး လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ရေအရင်းအမြစ်အသုံးပြုမှု နည်းပညာရပ်များ ဖလှယ်ရေးကိုလည်း လုပ်ကိုင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရီးသည်တင်ရေယာဉ်မီးလောင်မှုဖြစ်ပွား အင်ဒိုနီးရှားအရှေ့ပိုင်း၌ ခရီးသည်ကိုးဦးသေဆုံး

ဂျကာတာ စက်တင်ဘာ ၂၇

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မာလူကူပြည်နယ်တွင် စက်တင်ဘာ ၂၆ရက် ညပိုင်းက ခရီးသည်တင်ရေယာဉ် မီးလောင်မှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး ၃၂ဦးထိခိုက်ဒဏ်ရာ ရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရေယာဉ် ဝန်ထမ်းတစ်ဦး၏ အမှားကြောင့် မီးလောင်မှု ဖြစ်ပွားရခြင်း ဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများအား နီးစပ်ရာ ဆေးရုံဖြစ်သည့် အယ်ဖတ် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံပင်လယ်ပြင်အတွင်း ရေယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားခဲ့ပြီး သေဆုံးသူဦးရေ ၁၀၀ ကျော်သွားပြီ ဖြစ်သည်။

ဗီယက်နမ်ပြည်တွင်းကုန်ထုတ်လုပ်မှုတန်ဖိုး ခြောက်ရာခိုင်နှုန်းကျော် မြင့်တက်လာ

ဟန္နွိုင်း စက်တင်ဘာ ၂၇

ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ် ပထမကိုးလတာကာလအတွင်း ပြည်တွင်း ကုန်ထုတ်လုပ်မှုတန်ဖိုးမှာ ၆ဒသမ၅၂ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ကြောင်း ဗီယက်နမ် ရင်းနှီးမြှုပ်နှံရေးနှင့် စီမံခန့်ခွဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၈ဒသမ၅ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ ရောက်ရှိရန်မျှော်မှန်းထားသည်။ သို့ရာတွင် ငွေကြေးဖောင်းပွလာမှုများကြောင့် ယခုနှစ် ဒုတိယလေးလတာ ကာလအထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ၇ ရာခိုင်နှုန်းသာရှိသေးကြောင်း သိရသည်။

ကိုးကား-အင်တာနက်နှင့် ဆင်ဟွာသတင်းများ

အမေရိကန်နိုင်ငံ အင်ဒီယားနားပြည်နယ်တွင် မော်တော်ယာဉ်များ တိုက်မှုဖြစ်ပွားခဲ့သည်ကို စက်တင်ဘာ ၂၆ရက်ကတွေ့ရစဉ်။

(ယင်းယာဉ်တိုက်မှုကြောင့် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

တယ်လီဖုန်းဖခင်ကြီး အလက်ဇန္ဒြားဂရေဟမ်ဘဲလ်

(၁၈၄၇-၁၉၂၂)

'ဟဲလို'ဟူသောအသံနှင့်အတူ "ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ" "ဟုတ်ကဲ့ အမိန့်ရှိပါရှင်" ဟူသော မိမိကြားချင်သည့် ချိုလွင်သာယာသောအသံလေးကို တယ်လီဖုန်းထဲတွင် ကြားလို၊ နားဆင်လို ကြသည်ချည်းဖြစ်သည်။ သို့သော်လည်း ထိုသို့ ကြားခွင့်၊ နားဆင်ခွင့်ရအောင် တယ်လီဖုန်းကို တီထွင်ပေးခဲ့သော တယ်လီဖုန်းဖခင်ကြီး အလက်ဇန္ဒြား ဂရေဟမ်ဘဲလ် **(ယာပုံ)**အား သူတီထွင်ခဲ့သော တယ်လီဖုန်းနှင့်အတူယှဉ်တွဲ၍ သတိရရကောင်းမှန်း၊ ကျေးဇူးတင်ရကောင်းမှန်း သိသူဦးရေမှာ နည်းပါးပေလိမ့်မည်။ ဤသည်မှာလည်း ဖြစ်လေ့ဖြစ်ထရှိတတ်သော လူ့သဘာဝပင်မို့ ဆန်းသည်ဟု မဆိုသာချေ။

တယ်လီဖုန်းဖခင်ကြီး အလက်ဇန္ဒြားဂရေဟမ်ဘဲလ်အား ၁၈၄၇ခုနှစ် မတ်လ ၃ရက်က စကော့တလန်နိုင်ငံတွင် စကော့တလန်နိုင်ငံသားဖခင်နှင့် မိခင်တို့မှ မွေးဖွားခဲ့သည်။ သူ၏ဖခင်သည် အင်္ဂလိပ်ဘာသာစကားပြောကြားရာတွင် တစ်ဖက်ကမ်းခတ် ကျွမ်းကျင်တတ်မြောက်သူတစ်ဦးဖြစ်ပြီး မိခင်မှာမူ နားအကြား အာရုံအတော်ချို့တဲ့သူ ဖြစ်သည်။

၁၈၇၆ခုနှစ်က တီထွင် ထုတ်လုပ်ခဲ့သော တယ်လီဖုန်းအမျိုးအစားကို ဤသို့တွေ့ရသည်။

ဂုဏ်သတင်းကျော်စော

ယင်းအချက်များကြောင့်ပင် ဘဲလ်သည် အင်္ဂလိပ်ဘာသာစကားပြောကျွမ်းကျင်သူ အဘိုး၏ ဂုဏ်သတင်းကျော်စောမှုနှင့် နီးစပ်ထိတွေ့ကာ ငယ်စဉ်ကလေးဘဝကတည်းက အသံနှင့်စကားပြောတွင် စိတ်ဝင်စားမှုကို ပိုမိုအမြစ်တွယ်ခိုင်မာလာစေခဲ့ပြီး သူ့ဘဝ၏ အချိန်တော်တော်များများကိုလည်း အကြားအာရုံချို့တဲ့သူများအား အချင်းချင်းဆက်သွယ်နိုင်ရန် ကူညီသင်ကြားပေးခြင်းဖြင့် အချိန်ကိုတန်ဖိုးရှိစွာ ကုန်လွန်စေခဲ့သည်။

အကြားအာရုံကမ္ဘာဆီသို့

ဂရေဟမ်ဘဲလ်သည် အီဒင်ဘတ် တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ထို့နောက် အမေရိကန်နိုင်ငံ ဘော့စတွန်တက္ကသိုလ်တွင် အသံဆိုင်ရာ ဇီဝကမ္မဗေဒပါမောက္ခဖြစ်လာသည့် ဖခင်နှင့်အတူ အမေရိကန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး စကားပြောဆိုရာ၌ အသုံးပြုရသော အသံစွမ်းအင်ဆိုင်ရာ မက္ကင်းနစ်ပညာကို အထူးလေ့လာလိုက်စားခဲ့သည်။ ဂရေဟမ်ဘဲလ်သည် ယင်းပညာကို ခဏတစ်ဖြုတ် ချဉ်းနင်းဝင်ရောက် လေ့လာခဲ့ခြင်းကပင် နားမကြားသူများကို အကြားအာရုံကမ္ဘာဆီသို့ ဝင်ရောက်နိုင်ရန် လက်တွဲခေါ်ယူကူညီနိုင်သည့် ပစ္စည်းကိရိယာများအားတီထွင်ဖို့ အကြောင်းဖန်ခဲ့သည်။ ဂရေဟမ်ဘဲလ် တီထွင်ခဲ့သော၊ တီထွင်ရန်လည်း ကြိုးစားခဲ့သော ပစ္စည်းကိရိယာများထဲတွင် နားမကြားသူများအတွက် ဘာသာပြန်ရန် ခက်ခဲသော၊ အသံကို မြင်နိုင်သော လက်ရေးအဖြစ် ဖန်တီးပေးသည့် ကိရိယာလည်း ပါဝင်သည်။

အသိအမှတ်ပြု

အကယ်၍ ဂရေဟမ်ဘဲလ်အနေဖြင့် လျှပ်စစ်ပညာအကြောင်းကို ထဲထဲဝင်ဝင် နှံ့စပ်ကျွမ်းကျင်ပါက တယ်လီဖုန်းတီထွင်ရေးမှာ မဖြစ်နိုင်ဟုယူဆဖွယ်ရှိသောကြောင့် တယ်လီဖုန်းကို တီထွင်ဖြစ်မည် မဟုတ်ဟုလည်း ဝန်ခံခဲ့သည်။ သို့သော်လည်း သူသည် အောင်မြင်မှုရရှိရန် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်သဖြင့် စမ်းသပ်မှုပေါင်း မြောက်မြားစွာကို ပြုလုပ်ပြီးနောက် ၁၈၇၆ခုနှစ်တွင် ၎င်း၏ တယ်လီဖုန်းတီထွင်မှု အောင်မြင်ခဲ့သည်။ သူတီထွင်ခဲ့သော တယ်လီဖုန်းကို ၁၈၇၆ခုနှစ်တွင်ပင် ပြုလုပ်သော ဖီလာဒဲဖီးယား ရာပြည့်အထိမ်းအမှတ်ကုန်စည်ပြပွဲတွင် ပရိသတ်နှင့် မိတ်ဆက်ကာ အသိအမှတ်ပြုခံခဲ့ရသည်။ ထိုစဉ်မှစတင်ကာ ဂရေဟမ်ဘဲလ်၏ ကျေးဇူးကြောင့် တယ်လီဖုန်းဟူ၍ ပေါ်ထွန်းလာခဲ့သည်။

အကြားအာရုံတိုင်းကိရိယာ

ဂရေဟမ်ဘဲလ်သည် လျှောပြေးရေယာဉ်၊ အကြားအာရုံတိုင်း ကိရိယာများကိုလည်း တီထွင်ခဲ့သည်။ သူသည်တယ်လီဖုန်းကုမ္ပဏီကို ပထမဦးဆုံးတည်ထောင်ခဲ့သူဖြစ်ပြီး အမျိုးသားကမ္ဘာ့လူမှုအဖွဲ့အစည်းကြီး၏ ဒုတိယဥက္ကဋ္ဌလည်းဖြစ်သည်။ သူသည် နည်းပညာ အောင်မြင်မှုများရရှိသကဲ့သို့ မိသားစုဘဝအတွင်း မြှုပ်နှံထားသူတစ်ဦးဖြစ်ကာ လူသားချင်း စာနာထောက်ထားသူတစ်ဦးဖြစ်ပြီး ယင်းလုပ်ငန်းများတွင် မြှုပ်နှံထားသူတစ်ဦးလည်းဖြစ်သည်။

ဂရေဟမ်ဘဲလ်၏ဇနီး မေဘယ်လ်သည် ၎င်း အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့ပြီးနောက် ပညာသင်ကြားပေးခဲ့သော တပည့်များအနက်မှ ကျောင်းသူတစ်ဦးဖြစ်သည်။ စောစောပိုင်းက မေဘယ်လ်၏ မိဘများက ကန့်ကွက်ခဲ့သည့်ကြားမှပင် ဂရေဟမ်ဘဲလ်နှင့် မေဘယ်လ်တို့ ချစ်ကျွမ်းဝင်ကာလက်ထပ်ခဲ့ကြသည်။ မေဘယ်လ်နှင့်သမီးနှစ်ယောက်သည် ဂရေဟမ်ဘဲလ်၏ ဘဝတွင် ကွယ်လွန်သည်အထိ အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်ခဲ့သည်။



ဖြန့်ဝေပေးခဲ့

အချုပ်အားဖြင့်ဆိုရသော် ဘဲလ်သည် အတတ်နိုင်ဆုံး သူ၏ ပညာများကို လူမှုအသိုင်းအဝိုင်းအတွင်းသို့ ဖြန့်ဝေပေးခဲ့သည်။ သူ၏ဘဝတစ်လျှောက်လုံး နားမကြားသူများ၏ ဆရာအဖြစ် နှစ်မြှုပ်ထားခဲ့သလို တစ်ဖက်ကလည်း ၎င်းတို့၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်သည့်ကိရိယာများကို တီထွင်ခဲ့သည်။ ဘဲလ်သည် အမျိုးသားလူမှုအဖွဲ့အစည်းကြီး၏ ဒုတိယဥက္ကဋ္ဌအဖြစ်မှ အနားယူခဲ့ချိန်တွင် သူ၏သမီး လက်ထပ်ယူခဲ့သော ဂီလ်ဘတ်ဂရော့စ်ဗီနော်သည် ယင်းအဖွဲ့ကြီးတွင် အရေးပါသောလူတစ်ဦး ဖြစ်လာပြန်သဖြင့် ဂရေဟမ်ဘဲလ်သည် ယင်းအဖွဲ့အစည်းကြီးနှင့် ရေစက်ပါသည်ဟု ဆိုရပေမည်။

အလက်ဇန္ဒြားဂရေဟမ်ဘဲလ်သည် ၁၉၂၂ခုနှစ်တွင် ကနေဒါနိုင်ငံ နိုဗာစကော့တီယာပြည်နယ် ဘက်ဒက်ခ်အရပ်ရှိနေအိမ်၌ ကွယ်လွန်သွားခဲ့သည်။ သူ့အားသင်္ဂြိုဟ်ချိန်တွင် သူ၏ဘဝနှင့် သူ၏တီထွင်မှုအား ဂုဏ်ပြုသည့်အနေဖြင့် အမေရိကန်နိုင်ငံတစ်နိုင်ငံလုံးရှိ တယ်လီဖုန်းဝန်ဆောင်မှုလုပ်ငန်းများအားလုံးသည် တစ်မိနစ်ကြာ တယ်လီဖုန်းအသုံးပြုမှုကို ခေတ္တရပ်ဆိုင်းလျက် တယ်လီဖုန်းဖခင်ကြီး အလက်ဇန္ဒြားဂရေဟမ်ဘဲလ်အား နောက်ဆုံးဂါရဝပြုခဲ့ကြပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(ကိုးကား-အင်တာနက်)

ချစ်စိုးနိုင် ရေးသားသည်

> **တယ်လီဖုန်းကို တီထွင်ပေးခဲ့သော တယ်လီဖုန်းဖခင်ကြီး အလက်ဇန္ဒြားဂရေဟမ်ဘဲလ်အား သူတီထွင်ခဲ့သော တယ်လီဖုန်းနှင့်အတူ ယှဉ်တွဲ၍ သတိရရကောင်းမှန်း၊ ကျေးဇူးတင်ရကောင်းမှန်း သိသူဦးရေမှာ နည်းပါးပေလိမ့်မည်။ ဤသည်မှာလည်း ဖြစ်လေ့ဖြစ်ထ ရှိတတ်သော လူ့သဘာဝပင်မို့ ဆန်းသည်ဟု မဆိုသာချေ။**

ဘဝအမောပြေ

ဖောက်သည်တွေပဲ . . . .

တရားရုံးသို့ မကြာခဏရောက်ရှိပြီး ထောင်ဒဏ်အပြစ်ပေးမှု ခဏခဏခံနေရသည့် တရားခံတစ်ဦး တရားရုံးသို့ ရောက်ရှိလာပြန်ရာ တရားသူကြီးက မေးလေသည်။

တရားသူကြီး။ ။ မောင်မင်း တရားရုံးခဏခဏ ရောက်နေပါလား။

တရားခံ ။ ။ ဟုတ်ကဲ့။

တရားသူကြီး။ ။ ထောင် ဘယ်နှကြိမ် ကျခံပြီးပြီလဲ။

တရားခံ ။ ။ (၁၂)ကြိမ်ပါ။

တရားသူကြီး။ ။ များလိုက်တာ…အခုထိ ကောင်းကောင်း မနေဘူးပေါ့…ဟုတ်လား။

တရားခံ ။ ။ နောက်ဆိုနေပါ့မယ်။

တရားသူကြီး။ ။ မဖြစ်ဘူး… ဒီတစ်ခါ ထောင်ဒဏ်နှစ်များများ ချလိုက်မယ်။

တရားခံ ။ ။ ကျွန်တော်တို့ ဖောက်သည်တွေ ဖြစ်နေပြီပဲ… နည်းနည်းလျှော့ပေးပါ။

တရားသူကြီး။ ။ **'ဘာကွ'**

သူတို့အတွေးနှင့်အမြင်

I can forgive a crime; it may have some grand motive; but never awkwardness.

ကျွန်ုပ်အနေဖြင့် ရာဇဝတ်မှုတစ်ခုကို ခွင့်လွှတ်ကောင်း ခွင့်လွှတ်နိုင်မည်ဖြစ်သည်။ ထိုရာဇဝတ်မှုတွင် ကြီးမားသော ရည်ရွယ်ချက်တစ်ခု ရှိကောင်းရှိနိုင်သည်။ သို့သော် အူကြောင်ကြောင်နိုင်မှုကိုမူ ကျွန်ုပ်အနေဖြင့် ဘယ်တော့မှ ခွင့်မလွှတ်နိုင်။

မဒမ်ဒီရီကာမီယာ

(ပြင်သစ်လူမျိုး လူမှုရေးခေါင်းဆောင်အမျိုးသမီး)

Philosophy has been called the knowledge of our knowledge, it might more truly be called the knowledge of our ignorance, or in the language of Kant,the knowledge of the limits of our knowledge.

ဒဿနိကဗေဒကို ကျွန်ုပ်တို့၏ ဗဟုသုတဟု ခေါ်ဝေါ်သုံးစွဲကြသည်။ ၎င်းကို ကျွန်ုပ်တို့ မသိမှု၏ ဗဟုသုတဟူ၍လည်းကောင်း သို့မဟုတ် အတွေးအခေါ်ပညာရှင်များ ကန့်သတ်သုံးနှုန်းသည့် အသုံးအနှုန်းနှင့်ဆိုလျှင် ကျွန်ုပ်တို့ ဗဟုသုတဘောင်များ၏ ဗဟုသုတဟူ၍လည်းကောင်း ပို၍ခေါ်ဝေါ်သုံးနှုန်းသင့်ပေသည်။

မက်စ်မူလာ (ဂျာမန်-အင်္ဂလိပ်လူမျိုး အရှေ့တိုင်းပညာရှင်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မိုနာကိုနိုင်ငံ ဟာကျူလက်စ်ဆိပ်ကမ်းတွင် (၁၈) ကြိမ်မြောက် ရွက်လှေနှင့် အပျော်စီးသင်္ဘော ပြပွဲကျင်းပလျက်ရှိသည်ကို စက်တင်ဘာ ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပဲပိစပ်ပုံမှန်စားသုံးလျှင် လေဖြတ်ခြင်းမှ ကင်းဝေးမည်

ပဲပိစပ်နှင့်ကုလားပဲတို့ကို ပုံမှန်စားသုံးခြင်းဖြင့် လေဖြတ်ရောဂါ မခံစားရနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

လုပ်ဆောင်ပေးနိုင်

ပဲပိစပ်၏ ထုတ်ကုန်များဖြစ်သော ပဲနို့ရည်နှင့် ပဲပြားများကို ပုံမှန်စားသုံးပေးပါက အသက်အရွယ် ရလာသည့်အခါ သွေးကြောများ ပိတ်ဆို့မှုနှင့်သွေးပျစ်မှုများကို ကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်ကြောင်း သိရသည်။

ပုံမှန်စားသုံးပေးသွားပါက

ထို့အပြင် ပဲပိစပ်ကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် ပုံမှန်စားသုံးပေးသွားပါက နှလုံးရောဂါ၊ ရင်သားကင်ဆာနှင့် သွေးအတွင်း ကိုလက်စထရောများနေမှုကို လျှော့ချပေးနိုင်ကြောင်းလည်း သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

အသက်အရွယ်ကြီးရင့်ပြီး လေဖြတ်မခံရသူ ၁၂၁ဦးနှင့် တွေ့ဆုံစစ်ဆေးမေးမြန်း သုတေသနပြုခဲ့ပြီးနောက် ၎င်းတို့သည် ပဲပိစပ်ကို ပုံမှန်စားသုံးသူများဖြစ်ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

အင်တာနက်ကျန်းမာရေး

အရေးယူပိတ်ပင်မှုများရုပ်သိမ်းရန် သမ္မတမူဂါဘီတောင်းဆို

ဂျီနီဗာ စက်တင်ဘာ ၂၇

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီက သူ့နိုင်ငံအပေါ် ပိတ်ပင်အရေးယူထားမှုများကို ရုပ်သိမ်းပေးကြရန် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းတောင်းဆိုလိုက်သည်။

အဆိုပါအရေးယူပိတ်ပင်မှုများကြောင့် ဇင်ဘာဘွေနိုင်ငံစီးပွားရေးမှာ ထိခိုက်နစ်နာနေရကြောင်း သမ္မတမူဂါဘီက ဆက်လက်ပြောကြားသည်။

ယခုနှစ်အငြင်းပွားဖွယ် ရွေးကောက်ပွဲတွင် သူပြန်လည်ရွေးချယ်တင်မြှောက်ခံရပြီးနောက် မစ္စတာမူဂါဘီအား ထောက်ခံသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများကို အနောက်အုပ်စုနိုင်ငံများက အရေးယူပိတ်ပင်မှု ပိုမိုတင်းကျပ်လိုက်သည်။

ကုလသမဂ္ဂနှင့်စပ်လျဉ်း၍ သမ္မတမူဂါဘီကပြောကြားရာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အင်အားကြီးနိုင်ငံများ၏ လက်ကိုင်တုတ်ဖြစ်နေသည်ဆိုကာ ပြုပြင်ပြောင်းလဲရန် ဇင်ဘာဘွေသမ္မတ မူဂါဘီက တောင်းဆိုလိုက်သည်။ **(အင်တာနက်)**

ကြည့်သူရင်ကိုအမြင်ဆန်းသစ်စွာ ခံစားစေနိုင်သည့် အနုပညာရပ်ဝန်း ပန်းချီပြပွဲ

အမေး/အရေး - မိုးမြင့်လင်းလက် ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - သန်းဝင်း (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၇

ရသမြောက်တဲ့ ပန်းချီကားတစ်ချပ်ဆိုတာ ပန်းချီဆရာရဲ့နှလုံးသားထဲက စီးဆင်းလာတဲ့ခံစားမှုပုံရိပ်ကို တတ်ကျွမ်းတဲ့အနုပညာနဲ့ အရောင်၊ အရိပ်၊ အလင်းတွေရဲ့အားကိုယူပြီး ကြည့်သူရင်ထဲအထိရောက်အောင် ပို့ဆောင်ပေးနိုင်တဲ့ ပန်းချီကားမျိုးဖြစ်ပါတယ်။

အဲဒီလိုပန်းချီကားတွေ စုစည်းပြီး **'အနုပညာရပ်ဝန်း'** လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းမှာရှိတဲ့ လောကနတ်အနုပညာခန်းမမှာ စက်တင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ ခင်းကျင်းပြသနေပြီဖြစ်ပါတယ်။ ဒီပန်းချီပြပွဲမှာ ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်ဆင်း ပန်းချီဘွဲ့ရငါးဦးနဲ့ ရန်ကုန်ပန်းချီ၊ ပန်းပု ကျောင်းဆင်းငါးဦးတို့ရဲ့ ပန်းချီကားပေါင်း ၅၄ ကားကို ခင်းကျင်းပြသထားပါတယ်။

"ဆန်းသစ်တဲ့ ရေးဟန်ကို ထူးခြားစွာ ပြချင်တာပါ"
ပန်းချီဆရာ အမ်ကေအမ်

ခံစားစေချင်လို့

"သမားရိုးကျ ရေးဟန်တွေကနေလမ်းခွဲပြီး ဆန်းသစ်တဲ့ ရေးဟန်တွေကို အထူးပြုရေးဆွဲထားတာမို့ ပန်းချီအနုပညာလက်ရာ အမြင်သစ်တွေအပေါ် ပရိသတ်တွေ မြင်တွေ့ခံစားစေချင်လို့ပါ" လို့ ပန်းချီဆရာ အမ်ကေအမ်က ပြောပါတယ်။

လောကနတ်ပန်းချီခန်းမအတွင်းကို ဝင်လိုက်တယ်ဆိုရင်ပဲ ကြည့်သူကို အမြင်ချမ်းမြေ့စေတဲ့ပန်းချီပုံရိပ်တွေရဲ့ ရိုက်ခတ်မှုကို သတိပြုမိလိုက်ပါတယ်။ မြင်တွေ့နေကျ ရေးဟန်မျိုးတွေ၊ မြင်တွေ့နေကျ မြင်ကွင်းမျိုးတွေနဲ့ ကွဲပြားတာမို့ ပန်းချီတွေကို တစ်ချပ်ချင်း လိုက်လံလေ့လာ ကြည့်ရှုတဲ့အခါ…။

ထင်ထင်ရှားရှားတွေ့မြင်

"**ရွှေ-၁**" လို့ အမည်ပေးထားတဲ့ ပန်းချီဆရာ အမ်ကေအမ်ရဲ့ အခရိုင်းလစ်နဲ့ရေးဆွဲထားတဲ့ ပန်းချီကားဟာ မန္တလေးတောင်ခြေက စန္ဒမုနိဘုရားဝင်းအတွင်းက ရွှေရောင်ဝင်းလက်နေတဲ့ မြန်မာ့အနုပညာ လက်ရာတစ်ခုကို အရံစေတီငယ်တွေ နောက်ခံပြုပြီး ဖော်ကျူးထားတာဖြစ်ပါတယ်။ အဝါအခံမှာ အဖြူနဲ့ မီးခိုးရောင် ဖျော့ဖျော့အားတွေနဲ့ ပေါင်းစပ်ထားတာမို့ အရောင်အတွဲ အစပ်အသစ်ရဲ့ စတိုင်လ်ကွဲပြားမှုကို မြင်တွေ့ရပါတယ်။ အခရိုင်းလစ်ကို နိုင်နိုင်နင်းနင်းနဲ့ရေးဆွဲထားတာမို့ မြန်မာ့ဗိသုကာလက်ရာကို ထင်ထင်ရှားရှား တွေ့မြင်ရပါတယ်။

"ကြည့်သူရင်ကို အေးမြစေချင်လို့ပါ"
ပန်းချီဆရာ စစ်မိုးအောင်

ခြယ်မှုန်းထား

"ကိုယ်တိုင်မြင်တွေ့ ခံစားခဲ့ရတဲ့ သဘာဝအလှမြင်ကွင်းတစ်ခုရဲ့ပုံရိပ်ကို ပန်းချီအနုပညာနဲ့ပေါင်းစပ်ပြီး စုဖွဲ့တင်ပြထားတာဖြစ်ပါတယ်။ အရောင်လွှမ်းမှုရဲ့သဘော၊ ရေဆေးရဲ့ အကြည်ဓာတ်အားတွေနဲ့အတူ ကြည့်သူရင်ကို အေးစေချင်တဲ့ ဆန္ဒနဲ့ ရေးဆွဲဖြစ်တာပါ" လို့ "**မြူနှင်းဆီသို့**" လို့ အမည်ပေးထားတဲ့ ပန်းချီကားကို ရေးဆွဲသူ ပန်းချီဆရာ စစ်မိုးအောင်က ပြောပြပါတယ်။ ဒီပန်းချီကားက ပြင်ဦးလွင်မြို့ရဲ့ မြို့လယ်လမ်း တစ်နေရာရဲ့ မြင်ကွင်းကို မရန်းရောင်တွေ လွှမ်းနေတဲ့ ရေးဟန်အသစ်နဲ့ ရေးဆွဲထားတာမို့ အမြင်ဆန်းနေပါတယ်။ မြူနှင်းတွေဝေနေတဲ့ အချိန်၊ နံနက်ခင်း နေအလင်းရောင်က ကားလမ်းပေါ်ကျရောက်နေပုံ၊သစ်ပင်အရိပ်ကြောင့် မှောင်ရိပ်ကျနေပုံတွေကို အအေးရောင် အုပ်စုဖြစ်တဲ့ အပြာနဲ့မရန်းလွှမ်းထားတဲ့အရောင်ကို ဟန်ချက်မျှအောင် ခြယ်မှုန်းထားတာ အံ့သြစရာ ဖြစ်ရပါတယ်။

ဒါကိုပြချင်တာပါ

"**သင်ပုန်းကြီး-၃**" လို့ အမည်ပေးထား တဲ့ပန်းချီကားကတော့ ပန်းချီဆရာအက်စ်မိုးဇက်ရဲ့ သရုပ်မှန်ရေးဟန်နဲ့ ရေးဆွဲထားတဲ့ ပန်းချီကားဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာ တွေ့ရနည်းလာတဲ့ ကျောက်သင်ပုန်းသုံးစွဲမှုကိုပြချင်တာပါ။ အခရိုင်း လစ်ဆေးကို ကင်းဗတ်ပေါ်မှာ စုတ်တံနဲ့ရေးဆွဲထားတာမို့ ကြည့်သူရဲ့ စိတ်နှလုံးကို ခံစားမှုပြောင်းလဲစေပါတယ်။ ကျောက်သင်ပုန်းပေါ်မှာ စာရေးနေတဲ့ ကလေးငယ်ကိုတင်ပြီး ရေးသားထားပုံက လက်ရာကောင်းလွန်းတာမို့ အနီးကပ်အချိန်ပေးလေ့လာခဲ့ရတဲ့ ပန်းချီကား ဖြစ်ပါတယ်။ ကျောက်သင်ပုန်းဘောင်ရဲ့ မြေဝါရောင်၊ ကျောက်သင်ပုန်းရဲ့ မျက်နှာပြင် အနက်ရောင်တွေ ပေါင်းစပ်ပြီး အနုစိတ်ခြယ်မှုန်းပြသထားတာဟာ တကယ့်ကျောက်သင်ပုန်းပုံစံအတိုင်း မြင်တွေ့ရပါတယ်။

"ပန်းချီဆရာ အက်စ်မိုးစက်၏ သင်ပုန်းကြီး-၃ ပန်းချီကားက ပီဘိ ကျောက်သင်ပုန်းတစ်ချပ်အလား"။

တည်တည်ငြိမ်ငြိမ်

ပန်းချီဆရာ စောကျော်ဇောရဲ့ "**မကျည်းတန်အလှ**" လို့ အမည်ပေးထားတဲ့ ပန်းချီကားကတော့ ရတနာပုံခေတ် အမျိုးသမီးတွေရဲ့ပုံကို ဒီဘက်ခေတ်ပန်းချီအမြင်နဲ့ ရေးဆွဲထားတာဖြစ်ပါတယ်။ ရတနာပုံခေတ် အမျိုးသမီးတွေရဲ့ ဝတ်စားဆင်ယင်မှုဟန်တွေကို ဝါညိုသွေးပါတဲ့အရောင် နောက်ခံထားပြီး ရေးဆွဲထားပုံက ညက်ညောလှပါတယ်။ စုတ်ချက်သပ်ရပ်ပြီး အရောင်ရွေးချယ်မှု မှန်ကန်တာမို့ ရတနာပုံခေတ် အမျိုးသမီးနှစ်ဦးရဲ့ ဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ဣန္ဒြေရနေပါတယ်။

အရောင်ရွေးချယ်မှု၊ စုတ်ချက်ညက်ညောမှုများဖြင့် ခြယ်မှုန်းထားသော ပန်းချီစောကျော်ဇော၏ "မကျည်းတန်အလှ" ပန်းချီကားကလည်း ဤသို့ထူးထူးခြားခြား။

လာရောက်လေ့လာ

ဒါကြောင့် လက်ရာအဆင့်အတန်း မြင့်မားပြီး အမြင်လည်း ဆန်းသစ်တဲ့ ပန်းချီ ကားကောင်းတွေကို ဝါသနာရှင်တွေသိရှိပြီး ကိုယ်တိုင် လာရောက်လေ့လာကြဖို့ အနုပညာသတင်းစကား ဖြန့်ခင်းပေးလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

မရန်းရောင်လွှမ်းနေသည့် "မြူနှင်းဆီသို့**" ရေဆေး ပန်းချီကားက ဤသို့လက်ရာမြောက်လှသည်။**



သမားရိုးကျရေးဟန်တွေကနေ လမ်းခွဲပြီး ဆန်းသစ်တဲ့ ရေးဟန်တွေကို အထူးပြု ရေးဆွဲထားတာမို့ ပန်းချီ အနုပညာလက်ရာ အမြင်သစ်တွေအပေါ် ပရိသတ်တွေ မြင်တွေ့ခံစားစေချင်လို့ပါ။

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ညောင်ရွှေမြို့ အဆင့်မြင့်ကုန်စည်ပြပွဲ

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကြယ်စင်ဖူးကုမ္ပဏီမှ စုစည်းကျင်းပသည့် အဆင့်မြင့်ကုန်စည်ပြပွဲ အခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက်၉နာရီက ညောင်ရွှေမြို့ ရတနာမာန်အောင်စေတီတော် အနောက်ဘက်လမ်းမပေါ်ရှိ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဥက္ကဋ္ဌအရာရှိ ဒေါ်လွင်လွင်ဦးဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (ဝ၂၁)

ပညာချွန် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

တန့်ဆည်မြို့နယ် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်စိုးလွင်က အဖွင့်အမှာစကား ပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းဆင်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း/ပူတာအိုမြို့နယ် အိမ်တွင်းမှု အမှတ်စဉ်(၁၀)၊သိုးမွေးစက်ဆွဲသင်တန်းအမှတ်စဉ်(၉)၊အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၄)နှင့် လက်မှုလုပ်ငန်း ကြိမ်/ဝါးသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၇ရက်နံနက်၉နာရီခွဲက ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးနိုင်လွင်ဦးက အမှာစကားပြောကြားပြီး ထူးချွန်ဆုရသင်တန်းသူများကို ဆုချီးမြှင့်သည်။ (ခရိုင် ပြန်/ဆက်)

ကောလင်းမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက် ကျေးရွာအုပ်စုအလိုက် အသက် ၂၅နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကိုစက်တင်ဘာ၇ရက်က ပြည်သူ့ အားကစားကွင်းတွင်ကျင်းပရာ တောင်ပလူကျေးရွာအသင်းက ကျော်ဇေယျာရပ်ကွက် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ (ဝ၃၂)

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဟိုပန်၌ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ်တွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက်၉နာရီက အခြေခံပညာအထက်တန်းကျောင်းစာမဟာခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်ထွေးက ၂၀၀၈ခုနှစ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ (မြို့နယ် ပြန်/ဆက်)

စာဖတ်သူတိုးပွားရေး အသိပညာပေးဟောပြော

ဝမ်းတွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာဖတ်သူတိုးပွားရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၄ရက် နံနက် ၉နာရီက သဲတော-ဝမ်းတွင်း အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမင်းအောင်ကအဖွင့်အမှာစကားပြောကြားပြီး ပညာရေးမှူး ဦးထူးမြင့်က စာပေဖတ်ရှုရခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာဖတ်သူတိုးပွားရေး အသိပညာပေး ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

တမူးပါဟဲချောင်းအတွင်း ငါးမျိုးစိုက်ထည့်

စစ်ကိုင်းတိုင်း တမူးခရိုင် တမူးမြို့အနီး ပါဟဲချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို အဆိုပါချောင်းကမ်းဘေး ယာယီမဏ္ဍပ်၌ စက်တင်ဘာ ၆ရက် နံနက် ၈နာရီက ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကောင်းစံဦးက ငါးမျိုးစိုက်ထည့်ရခြင်း၏ ရည်ရွယ်ချက်များကိုအကျယ်တဝင့် ရှင်းလင်းပြောကြားပြီးနောက် တမူးမြို့၊ မြို့မရပ်ကွက်အတွင်း ကြိုးတံတားအောက် ပါဟဲချောင်းတွင် ငါမှုန်သိန်း ၂၀နှင့် ငါးသန် ၄၀၀၀၀ စိုက်ထည့် ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

28-9 (06).pmd 1 9/28/2008, 3:22 AM

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း

တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၇

၂၀၀၈ ခုနှစ် (၃၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက်က အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းအားကစားခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုးနှင့်ဇနီးဒေါ်ခင်မြဦး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိစစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်တပ်မတော် (ကြည်း၊ရေ၊လေ) ကိုယ်စားပြုအသင်း ၂၆ သင်းတို့မှ စစ်တုရင်အားကစားသမားများ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများက တိုင်းမှူးအား အလေးပြုကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး**(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးက စစ်တုရင်အရုပ်ကို စတင်ရွှေ့၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ ယှဉ်ပြိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

လသာ အထက(၂) မိဘဆရာအသင်း အစည်းအဝေး

ရန်ကုန် စက်တင်ဘာ ၂၇

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လသာမြို့နယ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ဒုတိယအကြိမ် မိဘဆရာအသင်း အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီက အထက(၂) လသာ မြည်းလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသီဂီကျော်က အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** ဒုတိယအကြိမ် မိဘဆရာအသင်း အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားအတည်ပြုကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၀၈
(တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ဥပုသ်သည်ငါးဦး** တရားတော် (အပိုင်း-၂) (ဆရာတော်အရှင်ပုညာနန္ဒ)
၈:၀၅-၂:၀၅	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈:၅၅-၂:၅၅	Soccer Update
၉:၁၀-၃:၁၀	ကျော်သွားမှာလား…. ဖော်စားမှာလား [ခန့်စည်သူ၊ ဦးစောနိုင် (ရှမ်းပြည်)၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ ဟေမာန်အောင်အောင်] (ဒါရိုက်တာ-အကယ်ဒမီ မလိခစိုးထိုက်အောင်)
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ် [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
၉:၅၅-၃:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀-၄:၀၀	Euro Goals
၁၀:၂၀-၄:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀	သစ်ရွက်ဆွေး သဘာဝ မြေဩဇာ ပြုလုပ်သုံးစွဲပါ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၀:၄၀-၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀-၄:၅၀	မြိတ်မြို့မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ် (အပိုင်း-၂)
၁၁:၂၅-၅:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀-၅:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅-၅:၃၅	International Video Topics (အဆိပ်ပြင်းခလောက်မြွေများ)
၁၂:၀၀-၆:၀၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ခင်မောင်လွင်)
၁၂:၂၀-၆:၂၀	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၂:၄၀-၆:၄၀	ဟူးကောင်းကျားများ တည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁၂:၅၅-၆:၅၅	တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Portsmouth-Tottenham	ESPN (Live)
၉:၂၅	Wigan-Man City	ESPN (Live)

အမှာစကားပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး မန္တလေးမြို့ရှိ ဆေးဝါးတက္ကသိုလ်(မန္တလေး) အစည်းအဝေးခန်းမ၌ ဆရာ ဆရာမများအား အမှာစကားပြောကြားစဉ်။

(ကျန်းမာရေး)

အသုံးချသူများအတွက် အကျိုးသက်ရောက်မှုရှိမည့် သုတေသန ရလဒ်ကောင်းများဖြစ်အောင် ကြိုးစား

နေပြည်တော် စက်တင်ဘာ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် စက်တင်ဘာ ၂၁ ရက်က ပြင်ဦးလွင်မြို့ရှိ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများအားတွေ့ဆုံပြီး ဆောက်လုပ်ဆဲ လူနာဆောင်များ၊ ဆောက်လုပ်ပြီးလူနာဆောင်များ၊ ခွဲစိတ်ခန်းများ၊ အထူးကြပ်မတ်ကုသဆောင်၊ ဓာတ်မှန်ဌာန၊ ရောဂါရှာဖွေရေးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြိုးစား

ထို့နောက်ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့အား သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် မှန်ကန်တိကျ၍ ထိရောက်သော အာနိသင်ရှိပြီး အသုံးချသူများအတွက်အကျိုးသက်ရောက်မှုရှိမည့် သုတေသနရလဒ်ကောင်းများ ဖြစ်ပေါ်အောင် ကြိုးစားစေလိုကြောင်း မှာကြားသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဝန်ကြီးသည်မန္တလေးမြို့ရှိ ဆေးဝါးတက္ကသိုလ်(မန္တလေး)အစည်းအဝေးခန်းမ၌ ဆရာ ဆရာမများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၁၄ရက် (အဖိတ်နေ့)
၂၈-၉-၂၀၀၈ရက်(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ ကြည်ညိုဦးခိုက် ဖူးလိုက်စို့တူပျော် မန်းရွှေစက်တော်
၇:၅၀	၅။ အတီးပြိုင်ပွဲ
၈:၀၀	၆။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈:၁၅	၇။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) (အခြေခံပညာ ၁၅-၂၀) (အမျိုးသား)**
၈:၃၀	၈။ International News.
၈:၄၅	၉။ အကပဒေသာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။ စစ်သည်တေး
၁၁:၁၀	၂။ တေးဂီတအစီအစဉ်
၁၁:၂၅	၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၄၀	၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂:၀၀	၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေမေ့မေတ္တာ ကုဋေကုဋာ** (အပိုင်း-၈)
၁၂:၄၅	၆။ **ရေဆုံးမြေဆုံး**(ခန့်စည်သူ၊ မင်းရာဇာ၊ကျော်ဇေဟိန်း၊မင်းဟိဏ်း၊ အောင်ပိုင်၊ မြတ်မင်းခန့်၊ ထွန်းထွန်းဝင်း၊ ရိတ၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ - မလိခစိုးထိုက်အောင်)
၁၄:၁၅	၇။ ယဉ်ကျေးလိမ္မာ၃စဖြာ မင်္ဂလာ
၁၄:၃၀	၈။ အကပြိုင်ပွဲ
၁၄:၄၅	၉။ International News.
၁၅:၀၀	၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀	၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၂၀	၃။ ရုပ်မြင်ရသတေးစုကဏ္ဍ
၄:၃၀	၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန၊အခြေခံပညာ ကျောင်းများ ဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) (အထက၂ လသာ) (လသာရတနာဝတ်ရွတ်အဖွဲ့)
၄:၅၀	၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀	၆။ **လက်တွေ့ပြချင်လို့** ဖြိုးငွေစိုး၊ မြတ်ကေသီအောင် (ဒါရိုက်တာ-ကြည်စိုး)
၅:၁၀	၇။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို အက ၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) (အခြေခံပညာ ၁၅-၂၀) (အမျိုးသမီး)**
၅:၂၀	၈။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀	၉။ ညနေခင်းသတင်း
၆:၃၀	၁၀။ မိုးလေဝသအခြေအနေ
၆:၃၅	၁၁။ အဆိုပြိုင်ပွဲ
၆:၄၅	၁၂။ လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ မိုးစပါးအကူထွန်ယက်စိုက်ပျိုးမှု
၆:၅၅	၁၃။ တေးဂီတအစီအစဉ်
၇:၀၅	၁၄။ **ဆည်းဆာချိန်လေးလှပါစေ** (ပြေတီဦး၊ဖိုးသောကြာ၊ မင်းရာဇာ၊ခိုင်နှင်းဝေ၊ မျိုးစန္ဒီကျော်၊ ပုလဲဝင်း) [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]
၇:၃၅	၁၅။ တေးဂီတအစီအစဉ်
၇:၄၅	၁၆။ အနုပညာ ကြေးမုံပြင်တစ်ချပ်ကို ခံစားကြည့်ခြင်း
၈:၀၀	၁၇။ ပြည်တွင်းသတင်း
	၁၈။ နိုင်ငံတကာသတင်းများ
	၁၉။ မိုးလေဝသအခြေအနေ
	၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး** (အပိုင်း-၂၆)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တို့ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) အထူးကုသမှုဌာနများ ဖွင့်ပွဲအထိမ်းအမှတ် မှန်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

အထူးကုသမှုဌာနများ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ကြီးများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် TZTM ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်လင်းက TZTM ဆောက်လုပ်ရေးကုမ္ပဏီက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀တန်ဖိုးရှိ ရုပ်မြင်သံကြားစက်များ၊ ရေသန့်စက်များနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ပေးအပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး)ဒေါက်တာဝင်းမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်- ၁၀၀၀)အတွင်း အသစ်ထပ်မံဖွင့်လှစ်သည့် အထူးကုသမှုဌာနများဖြစ်ကြသော နှလုံးသွေးကြောရောဂါ စမ်းသပ်ခန်း၊ နှလုံးသွေးကြောပိုက်ထည့် စမ်းသပ်ခန်း၊ လေ့ကျင့်ခန်းဖြင့် နှလုံးစမ်းသပ်ခန်း၊ အသံလှိုင်းဖြင့် နှလုံးစမ်းသပ်ခန်း၊ အထူးကြပ်မတ် ကုသခန်း၊ အဆင့်မြင့် ခွဲစိတ်ခန်းများ၊ ရင်ခေါင်းခွဲစိတ်ဌာန၊ ရင်ခေါင်းဆေးကုဌာန၊ နှလုံးခွဲစိတ်ဌာန၊ နှလုံးဆေးကုဌာန၊ ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ဌာနနှင့် ဆေးကုဌာန၊ အစာအိမ်နှင့်အူလမ်းကြောင်းကုသဌာနနှင့် အသည်းရောဂါ ကုဌာနတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးအားပေးကြသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရန် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ရှိ (ခုတင်-၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးကို ၂၀၀၂ခုနှစ် ဇန်နဝါရီ ၁၅ရက်တွင် စတင်တည်ဆောက်ခဲ့သည်။ ၂၀၀၄ခုနှစ် မတ် ၂၄ရက်တွင် အထူးကုဌာန ၁၂ခုဖြင့် ဖွင့်လှစ်ခဲ့ပြီး ဒေသခံပြည်သူများအား ကျွမ်းကျင်သော အထူးကုဆရာဝန်ကြီးများက ပြင်ပလူနာကုသခြင်းနှင့် အတွင်းလူနာကုသခြင်းလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက် စောင့်ရှောက် ပေးခဲ့သည်။ ယနေ့အထိ ပြင်ပလူနာပေါင်း ၁၀၄၃၅၂ဦး၊ အတွင်းလူနာပေါင်း ၂၀၅၁၁ဦးနှင့် ခွဲစိတ်ကုသလူနာပေါင်း ၅၀၂၂ဦးတို့အား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့ပြီးဖြစ်သည်။

ဝယ်ယူဖြည့်ဆည်း

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲက ၂၀၀၆ခုနှစ် မတ် ၁၈ရက်တွင် (ခုတင်-၃၀၀)အထွေထွေရောဂါကုဆေးရုံကြီး နေပြည်တော်သို့ လာရောက်စစ်ဆေးကြည့်ရှုစဉ် အထူးကုဌာနများ တိုးချဲ့ဖွင့်လှစ်ရန် လမ်းညွှန်မှုအရ အထူးကုဌာနများကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် လာရောက်စစ်ဆေးစဉ် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးအဖြစ် ဖွံ့စည်းပုံ တိုးမြှင့်ဆောင်ရွက်ရန် ထပ်မံလမ်းညွှန်ခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဘောတူညီခွင့်ပြုချက်အရ (ခုတင်-၃၀၀)ဆံ့ အထွေထွေရောဂါ ကုဆေးရုံကြီး နေပြည်တော်ကို ကျန်းမာရေးဝန်ကြီးဌာနသည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)အဖြစ် အရာထမ်း ၂၉၇ဦး၊ အမှုထမ်း ၁၂၄၄ဦး စုစုပေါင်းခွင့်ပြုဝန်ထမ်းအင်အား ၁၅၄၁ဦးဖြင့် ၂၀၀၈ခုနှစ် မတ် ၁၇ရက်တွင် စတင်ဖွဲ့စည်း အဆင့်မြှင့်တင်ခဲ့သည်။ ယခင်(ခုတင် -၃၀၀)ဆံ့ ဆေးရုံကြီး၏ မူလရှိပြီးအထူးကုဌာန ၁၂ခုအပြင် ယခုအခါ ထပ်မံတိုးချဲ့သော အထူးကုဌာန ၁၀ခုကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ အထူးကုဌာနများအတွက် နိုင်ငံတော်အစိုးရမှ ပံ့ပိုးသော အထူးရန်ပုံငွေဖြင့် အဆင့်မြင့် ဆေးရုံသုံး ပစ္စည်းကိရိယာ အမျိုးပေါင်း ၁၅၂မျိုးကို နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ ၃ဒသမ၂သန်းဖြင့် ဝယ်ယူ ဖြည့်ဆည်းထားပြီးဖြစ်သည်။

တိုးချဲ့သည့် အထူးကုဌာနများမှာ နှလုံးဆေးကုဌာန၊ နှလုံးခွဲစိတ်ကုဌာန၊ ရင်ခေါင်းဆေးကုဌာန၊ ရင်ခေါင်းခွဲစိတ်ကုဌာန၊ ကျောက်ကပ်ဆေးကုဌာန၊ ကျောက်ကပ်ခွဲစိတ်ကုဌာန၊ ဦးနှောက်နှင့် အာရုံကြော ဆေးကုဌာန၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုဌာန၊ အစာအိမ်နှင့်အူလမ်းကြောင်း ဆေးကုဌာနနှင့် အသည်းရောဂါအထူးကုဌာနတို့ဖြစ်သည်။

အဆင့်မြင့်

အထူးကုဌာနများအပြင် နှလုံးသွေးကြောရောဂါ စမ်းသပ်ကုသဌာန၊ အဆင့်မြင့်ခွဲစိတ်ခန်း လေးခန်းပါခွဲစိတ်ခန်းမနှင့် ခုတင်ရှစ်လုံးပါ အလိုအလျောက် ဗဟိုထိန်းချုပ်စနစ်ပါသော အဆင့်မြင့် အထူးကြပ်မတ်ကုသဌာနများကိုလည်း တစ်ပြိုင်တည်းဖွင့်လှစ်နိုင်ပြီးဖြစ်သည်။

ယနေ့ စတင်ဖွင့်လှစ်ဆောင်ရွက်သည့် နှလုံးသွေးကြောရောဂါစမ်းသပ်ကုသဌာန၊ နှလုံးရောဂါအထူးကြပ်မတ်ကုသဌာနနှင့် အထူးကုဌာန ၁၀ခုအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လေ့ကျင့်ပြုစုပျိုးထောင်ထားသော အဆင့်မြင့်ပညာရှင် ဆရာဝန်ကြီးများဖြစ်သည့် ကျန်းမာရေးလုပ်သား လူ့စွမ်းအားအရင်းအမြစ်များကို ထပ်မံဖြည့်ဆည်းပေးခြင်းနှင့် နိုင်ငံတော်မှပံ့ပိုးပေးသော ဆေးရုံသုံး အဆင့်မြင့် ကုသခွဲစိတ်မှုဆိုင်ရာ စက်ပစ္စည်းကိရိယာများကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မိမိနိုင်ငံအတွင်း ဆေးရုံကြီးများတွင် အဆင့်အတန်း အရည်အသွေးမီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ပေါ်ထွန်းလာရေး၊ နိုင်ငံတကာ အမီအမှီကင်းရေး ရည်မှန်းချက်ဖြစ်သော နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးများ နှစ်နှစ်အတွင်း ပေါ်ထွန်းလာအောင် စတင်ဆောင်ရွက်ခြင်းဖြစ်သည်။

နေရာချထား

ယခုဖွင့်လှစ်လိုက်သည့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်- ၁၀၀၀) ရှိ အထူးကုဌာနများတွင် စတင်တာဝန်ထမ်းဆောင်ကြမည့် တွဲဖက်ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများအတွက် ကျန်းမာရေးဝန်ကြီးဌာနက နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းပြီး ၂၄နာရီတာဝန်ထမ်းဆောင်သောဝန်ထမ်းများကို ဆေးရုံဝင်းအတွင်း အဆင့်မြင့် ဝန်ထမ်းအိမ်ရာများတွင်လည်းကောင်း၊ အချိန်ပိုင်းတာဝန်ထမ်းဆောင်သော ဝန်ထမ်းများကို ဆေးရုံဝင်းပြင်ပ ရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများတွင် လည်းကောင်း စနစ်တကျနေရာချထား ဆောင်ရွက်ပေးပြီးဖြစ်သည်။

ဤနေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ကို ကျန်းမာရေးဝန်ကြီးဌာနက ရန်ကုန်နှင့်မန္တလေးရှိ ဗဟိုအဆင့်ဆေးရုံကြီးများနှင့်အဆင့်တူဖြစ်စေရန် လူအင်အား၊ ပစ္စည်းအင်အားများကို ဖြည့်ဆည်းပေးပြီးဖြစ်ရာ မကြာမီကာလအတွင်း ဒေသခံပြည်သူများအနေဖြင့် အရည်အသွေး ပြည့်ဝသော နိုင်ငံတကာအဆင့်မီဆေးကုသမှုများကို စိတ်ချမ်းမြေ့စွာ ခံယူနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)

နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)အတွင်း အသစ်ထပ်မံဖွင့်လှစ်လိုက်သည့် အထူးကုသမှုဌာနများကို တွေ့ရစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

(percolation of contaminated surface water)၊ ရေနံနှင့် လောင်စာဆီအညစ်အကြေးများ စွန့်ပစ်စုပုံမှု (oil and fuel dumping)၊ အခြားသောနည်းလမ်းများအရ စွန့်ပစ်ပစ္စည်းများ ပျော်ဝင်မှု (leaching of wastes) နှင့် မြေဆီလွှာအတွင်းသို့ စက်မှုလုပ်ငန်း စွန့်ပစ်ပစ္စည်းများ တိုက်ရိုက်ထုတ်လွှတ်မှု (direct discharge of industrial wastes to the soil) တို့ကြောင့် မြေဆီလွှာညစ်ညမ်းမှုဖြစ်ပေါ်ရသည်။

မြေဆီလွှာညစ်ညမ်းမှုကို ဖြစ်ပေါ်စေလေ့ရှိသော ဓာတုပစ္စည်းများတွင် ရေနံဟိုက်ဒရိုကာဗွန်များ (hydrocarbons)၊ ဓာတုဗေဒ အဖျော်ပစ္စည်းများ (Solvents)၊ ပိုးသတ်ဆေးများ (pesticides)၊ ခဲနှင့်အခြားသော သတ္တုလေးများ (Lead and heavy metals) ပါဝင်သည်။

လွန်လွန်ကဲကဲ

စက်မှုလုပ်ငန်းများ အဆမတန်ကြီးထွားလာခြင်းနှင့် ဓာတုဗေဒပစ္စည်းများကို လွန်လွန်ကဲကဲ သုံးစွဲလာကြခြင်းတို့ကြောင့် မြေဆီလွှာညစ်ညမ်းမှု ပိုမိုဖြစ်ပေါ်လာနိုင်သည်။

မြေဆီလွှာညစ်ညမ်းမှုမှတစ်ဆင့် ရေထုညစ်ညမ်းမှု ဆက်စပ်ဖြစ်ပေါ်နိုင်ပြီး ယင်းညစ်ညမ်းမှုများကြောင့် အများပြည်သူတို့၏ ကျန်းမာရေး ထိခိုက်နိုင်သဖြင့် မြေဆီလွှာညစ်ညမ်းမှုပြဿနာကို အလေးမူ လာကြခြင်းဖြစ်သည်။

မြေဆီလွှာညစ်ညမ်းမှုဖြစ်ပေါ်ရာနေရာများကို လေ့လာဖော်ထုတ်ခြင်းနှင့် ယင်းနေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ ပြုလုပ်နိုင်ရန် အချိန်နှင့် ငွေကြေးတို့အရ များစွာပေးဆပ်ရပေလိမ့်မည်။

မြေဆီလွှာညစ်ညမ်းမှု တိုက်ဖျက်ရေးလုပ်ငန်းကို ဦးဆောင်ရမည့်ပုဂ္ဂိုလ်များမှာ ဘူမိဗေဒပညာရှင်များ၊ ဇလဗေဒပညာရှင်များ၊ ဓာတုဗေဒပညာရှင်များနှင့် ကွန်ပျူတာ ပုံစံပြကားချပ် (Computer modeling)ထုတ်လုပ်ရေး ပညာရှင်များဖြစ်ပေမည်။

ကမ္ဘာ့မြေထုနှင့်နှိုင်းစာသော် မြေဆီလွှာပမာဏမှာ မဆိုသလောက်သာဖြစ်သည်။ သို့ရာတွင် မြေဆီလွှာမရှိဘဲ မည်သည့်အပင်မျှ ရှင်သန်ဖြစ်ထွန်းမည်မဟုတ်သဖြင့် မြေဆီလွှာမရှိလျှင် လူနှင့်အခြားသောသတ္တဝါများ အသက်ရှင်သန်ခွင့်ရရှိမည်မဟုတ်ပေ။ အပင်မရှိသဖြင့် သတ္တဝါတို့ ရပ်တည်ပိုင်ခွင့်ဆုံးရှုံးကာ အာဟာရမရသည့်လူတို့မှာလည်း သေကျေပျက်စီးရမည်သာတည်း။

လူ့ပယောဂ

သဘာဝအရလည်းကောင်း၊ လူ့ပယောဂကြောင့်လည်းကောင်း မြေဆီလွှာပြုန်းတီးနိုင်သည်။ သဘာဝအလျောက် မြေဆီလွှာပြုန်းတီးရသည့်သာဓကများမှာ မိုးရေတိုက်စားခြင်းနှင့် လေပြင်းထန်စွာတိုက်ခတ်ခြင်းတို့ဖြစ်သည်။ မိုးရေနှင့် လေတိုက်စားခြင်းတို့ကြောင့် လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀အတွင်း ကမ္ဘာ့စိုက်ပျိုးနိုင်သော မြေလေးပုံတစ်ပုံခန့်၏ မြေဆီလွှာပျက်စီးခဲ့ရကြောင်း မှတ်သားရသည်။

သဘာဝအလျောက် မြေဆီလွှာပြုန်းတီးရမှုကို ထိန်းချုပ်ရန်ခက်ခဲပေမည်။ သို့ရာတွင် လူ့ပယောဂကြောင့် မြေဆီလွှာပြုန်းတီးမှု မဖြစ်ပေါ်ရေးအတွက် လူသားတစ်ရပ်လုံး အလေးမူရန် အချိန်တန်ပေပြီ။

ကမ္ဘာသူ ကမ္ဘာသားများ အလေးထားစရာ အချက်နှစ်ချက်မှာ မြေဆီလွှာထိန်းသိမ်းမှုနှင့် သစ်တောပြုန်းတီးမှုတို့ ဆက်စပ်နေခြင်းဖြစ်သည်။ သစ်ပင် သစ်တောများကို အဆင်အခြင်မရှိ ခုတ်လှဲမည်ဆိုပါက ဥတုရာသီပျက်ယွင်းကာ မြေဆီလွှာပြုန်းတီးရမည်သာဖြစ်သည်။

စိမ့်ဝင်ပျံ့နှံ့

ဓာတုဗေဒလုပ်ငန်းနှင့် သက်ဆိုင်နေသော စက်ရုံများအနီးတွင် သီးပင်တို့ မဖြစ်ထွန်းရခြင်းမှာ မြေဆီလွှာအတွင်း ဓာတုပစ္စည်းများ စိမ့်ဝင်ပျံ့နှံ့နေမှုကြောင့်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးရည်များသည် မြေဆီလွှာအတွင်းသို့ စိမ့်ဝင်ကာ မြေဆီလွှာကိုပျက်သုဉ်းစေသည်။

ရေနံနှင့်ဓာတုဗေဒဆိုင်ရာ စက်ရုံများ၏ စွန့်ပစ်ပစ္စည်းတစ်မျိုးဖြစ်သော အာဆင်းနစ်(ခေါ်)စိန်သတ္တု(arsenic)သည်လည်း မြေဆီလွှာညစ်ညမ်းစေနိုင်သော ဓာတုပစ္စည်းဖြစ်သည်။

နိဂုံးချုပ်အားဖြင့် လူသားတစ်ရပ်လုံး မှီခိုအားထားနေရသည့် မြေသားပထဝီ၏ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ရည်ညွှန်း-အင်တာနက်မှတ်တမ်းများ။

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

ရန်ကုန် စက်တင်ဘာ ၂၇

ယနေ့မြန်မာစံတော်ချိန် နံနက်၉နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

ဒုတိယနှင့် မောင်ကောင်းလွင်ဦးက တတိယဆုများ ရရှိခဲ့သည်။ ထို့အတူ (၁၂-၁၄)နှစ် အငယ်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသူမှာ မခိုင်မေသူ၊ ဒုတိယ မောင်ကောင်းထက်ကျော်၊ တတိယ မအေးပြည့်စုံဖူးတို့က ရရှိသွားကြသည်။

"လူငယ်တွေက အံ့သြစရာကောင်းအောင် တော်ကြတယ်"
ပန်းချီဆရာ
မောင်မောင်သိမ်း

အတန်းနှစ်တန်းခွဲထား

ယခုပြိုင်ပွဲ၌ အကဲဖြတ် ဒိုင်လူကြီးနှင့် ပြိုင်ပွဲကျင်းပရေး ပူးပေါင်းဆောင်ရွက်သူ တစ်ဦးဖြစ်သည့် ဦးမောင်မောင်သိမ်း(ပုသိမ်)က "ဒီပြိုင်ပွဲမှာ အတန်းနှစ်တန်း ခွဲထားတယ်၊ အကြီးတန်းနှင့် အငယ်တန်းဆိုပြီး သတ်မှတ်ထားတဲ့နေရာမှာ အကြီးတန်းက ၁၅နှစ်မှ ၂၀နဲ့ အငယ်တန်းက ၁၂နှစ်နဲ့ ၁၄နှစ်အကြား သတ်မှတ်ထားခဲ့ပါတယ်။အကြီးတန်းမှာ ပန်းချီအမျိုးအစား၊ အရောင်သုံးစွဲမှု၊ စိတ်ကူးနဲ့ လက်ရာတွေကို

"ဒီပွဲမှာ ဆုရရှိတော့ နောက်ပွဲတွေအတွက် အားသစ်တွေ ဖြစ်ခဲ့ပါပြီ"
မသဲစုလှိုင်

အဓိကထားပြီး စိစစ်ခဲ့သလို အငယ်တန်းမှာတော့ ကလေးပန်းချီဆန်ဆန်ကို ဦးစားပေးခဲ့ပါတယ်။ အဲဒီမှာလည်း စိတ်ကူးကို အလေးထားခဲ့ပြီး ပန်းချီရေးဆွဲမှု ပညာပိုင်းဆိုင်ရာတွေမှာတော့လျှော့ပေါ့စဉ်းစားပေးခဲ့ပါတယ်။ ပြိုင်ပွဲဝင်ကလေးတွေက ကြိုးစားမှုရော လက်ရာတွေပါ တော်ကြသလို စိတ်ကူးစိတ်သန်းလည်း ကောင်းကြပါတယ်။ ထိုက်ထိုက်တန်တန် ဆုရရှိခဲ့ကြတာပါ" ဟု မြန်မာ့ အလင်းသို့ ရှင်းပြသည်။

ရည်ရွယ်

ယခုပန်းချီပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် ဦးမောင်မောင်သိမ်း(ပုသိမ်)၊ ပန်းချီ လှတင်ထွန်း၊ ဦးကြည်ဝင်း(ရန်ကင်း)၊ ဦးမောင်မောင်လှမြင့်နှင့် ဦးကျော်သောင်းတို့က တာဝန်ယူ ရွေးချယ်ပေးခဲ့ကြသည်။ ယခုပန်းချီပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန် ပူးပေါင်းတာဝန်ယူဆောင်ရွက်ပေးသည့် Parkroyal မှ တာဝန်ရှိသူ တစ်ဦးဖြစ်သည့် ဦးသက်နိုင်ဝင်းကလည်း "မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ လူငယ်ပန်းချီပါရမီရှင်လေးတွေကို မြေတောင်

မြှောက်ပေးချင်တဲ့၊ မြှင့်တင်ပေးချင်တဲ့ ရည်ရွယ်ချက်ထားရှိတဲ့ Parkroyal Group ရုံးချုပ်ရဲ့သဘောထားအတိုင်း လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ အခုပါဝင် ယှဉ်ပြိုင်ခဲ့တဲ့ အတန်းနှစ်တန်းက ပန်းချီကားပေါင်း၉၀ကျော်ကို ပြိုင်ပွဲကာလဖြစ်တဲ့ ဧပြီ ၂၅ရက်မှ ဇူလိုင်၃၁ရက်အတွင်းမှာ လက်ခံရရှိခဲ့ပါတယ်။ အဲဒီပန်းချီကားတွေထဲကမှ အတန်းတစ်တန်းကို ၁၂ပုံစီ ရွေးပြီး တစ်တန်းကို ခြောက်ပုံရွေးချယ် ဆုချီးမြှင့်တာပါ" ဟု ရှင်းပြသည်။

ယုံကြည်မိ

ဆုပေးပွဲခန်းမတွင်း ဆုရရှိခဲ့သည့် ပန်းချီကားများကို လိုက်လံလေ့လာရာ ပန်းချီကားများအားလုံးမှာ စိတ်ကူးကောင်းမွန်သည့်အပြင် လက်ရာများကလည်း ဦးတည်ချက်ကို ထိထိမိမိဖော်ကျူးထားနိုင်သဖြင့် တစ်ချိန်ချိန်တွင် ပန်းချီလောက၌ အောင်မြင်ထွန်းပေါက်လာမည့်သူများဟု ယုံကြည်မိလေသည်။

ပထမဆုံးအကြိမ်

ယခု ဆုပေးပွဲ၌ (၁၅-၂၀)နှစ် အကြီးတန်းအဆင့်၌ ပထမဆုရရှိခဲ့သော မသဲစုလှိုင်က "ရက်မြတ်အတာသင်္ကြန် **ဆိုတဲ့ ပန်းချီကားနဲ့ ပထမဆုရခဲ့တာပါ။ အခရိုင်းလစ်နဲ့ ရေးဆွဲခဲ့တာဖြစ်ပြီး သမီးရဲ့ ကိုယ်ပိုင်စိတ်ကူးနဲ့ ခြောက်ရက်ကြာအောင် ရေးဆွဲခဲ့ရတဲ့ ပန်းချီကားဖြစ်ပါတယ်။ ပန်းချီပြိုင်ပွဲဝင်တာ ဒီအကြိမ်က ပထမဆုံးပါပဲ။ မြန်မာတို့ရဲ့ နှစ်ကူးသင်္ကြန်ပွဲတော်မှာ ရေကစားနေကြတဲ့သူတွေကိုဖော်ကျူးထားတာပါ။ နောက်ထပ်ပြိုင်ပွဲတွေ ဆက်တိုက်ပါဝင်သွားဖို့ အားသစ်တွေ ဖြစ်ခဲ့ပါပြီ**"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။ မသဲစုလှိုင်သည် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၌ နေထိုင်သူဖြစ်ပြီး အဋ္ဌမတန်းကျောင်းသူတစ်ဦးလည်းဖြစ်သည်။ ပန်းချီပညာ

ကို လေ့လာသင်ယူနေသည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်သည်။

အငယ်တန်းပထမဆု

ထို့နောက် အသက်(၁၂-၁၄)နှစ် အငယ်တန်းပန်းချီပြိုင်ပွဲ၌ ပထမဆုရရှိခဲ့သူ မခိုင်မေသူကလည်း "ရွှေစွန်ညိုလို့ **အမည်ပေးထားတဲ့ ပန်းချီကားနဲ့ပထမဆုရရှိခဲ့တာပါ။ သမီးတို့ကစားခဲ့တဲ့ ရွှေစွန်ညို ဘာလိုဝဲတယ်ဆိုတဲ့ ကစားနည်းကိုကြိုက်လို့၊ နောက်ပြီး သမီးတို့ပန်းချီပြိုင်ပွဲခေါင်းစဉ်နဲ့လည်း ကိုက်ညီနေတာမို့ ရေးဆွဲပြီး ပြိုင်ပွဲဝင်ခဲ့တာပါ။ ရေဆေးအထူနဲ့ လေးနာရီလောက်ပဲ ရေးဆွဲခဲ့ရတဲ့ ပန်းချီကားဖြစ်ပါတယ်။ ဆုကိုတော့ မမှန်းရဲခဲ့ပါဘူး**"ဟု ပြောကြားသွားသည်။

ပုံဖော်ထား

မခိုင်မေသူ၏ **'ရွှေစွန်ညို'** ပန်းချီကားမှာ ကျေးရွာတစ်ရွာ၌ ရွှေစွန်ညိုကစားနည်းဖြင့် ကစားနေ

"မြန်မာ့ယွန်းကို ပုဂံနဲ့တွဲပြီး ဖော်ကျူးခဲ့တာပါ"
မောင်ကောင်းထက်ကျော်

ကြသော ကလေးငယ်တစ်သိုက်ကို ရေဆေးအထူနည်းဖြင့် ဖွဲ့စည်းမှုကောင်းစွာ ပုံဖော်ထားနိုင်သည်ဖြစ်ရာ သဘာဝစရိုက်နှင့် ကိုက်ညီစွာမြင်တွေ့ရသည်။

အငယ်တန်းဒုတိယဆု

တစ်ဖန် အသက်(၁၂-၁၄)နှစ် အငယ်တန်းပြိုင်ပွဲ၌ ဒုတိယဆုရရှိသူ မောင်ကောင်းထက်ကျော်နှင့် တွေ့ဆုံမေးမြန်းရာ "ပုဂံဘုရားနှင့် ယွန်းအလုပ**န်းချီကားနဲ့ ဆုရရှိခဲ့တာပါ။ ယွန်းဆိုတာ ကမ္ဘာပေါ်မှာ ကျော်ကြားပါတယ်။ ပုဂံဆိုတာကလည်း မြန်မာ့သမိုင်းမှာ အထင်ကရပါ။ ဒါကြောင့် တွဲဖက်ပြီးရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ ရေဆေးအပါးနဲ့ ရေးဆွဲခဲ့တာဖြစ်ပြီး ဒီပန်းချီကားကို ရေးဆွဲတာ အချိန်**

လေးနာရီလောက်ပဲ ကြာခဲ့တာပါ။ ဆုရရှိလိမ့်မယ်လို့ မမှန်းခဲ့ပါဘူး"ဟု မောင်ကောင်းထက်ကျော်က မြန်မာ့အလင်းသို့ ဖြေကြားသည်။

ဆုများရရှိ

မောင်ကောင်းထက်ကျော်သည် ပြည်တွင်းပြည်ပ၌ ပန်းချီနှင့်ပတ်သက်သည့်ဆုပေါင်း ၈၀ကျော်ရရှိ

"ပန်းချီမျိုးဆက်သစ်တွေကို ပြုစုပျိုးထောင်ပေးတာပါ"
ဦးသက်နိုင်ဝင်း

ထားသည့် လူငယ်တစ်ဦးဖြစ်သည်။ မကြာမီက ကျင်းပပြီးစီးခဲ့သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပန်းချီပြိုင်ပွဲ၊ ကမ္ဘာ့လူဦးရေနေ့ ပိုစတာပြိုင်ပွဲ၊ MEIS ကပြုလုပ်သည့် ခဲခြစ်ပန်းချီပြိုင်ပွဲများ၌လည်း ဆုများရရှိခဲ့ကြောင်း သိရသည်။

မြေတောင်မြှောက်ပေး

ထို့ကြောင့် **'မြန်မာ့လူမှုဘဝနှင့် ယဉ်ကျေးမှု'** ပန်းချီပြိုင်ပွဲသည် မြန်မာ့လူငယ်ပန်းချီဝါသနာရှင်လေးများအား မြေတောင်မြှောက်ပေးသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပါကြောင်း ကွင်းဆင်း စေ့ငုရေးသား လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



မခိုင်မေသူ၏ "ရွှေစွန်ညို"ပန်းချီကားကလည်း သဘာဝကျစွာ ဤသို့မြင်တွေ့ရသည်။

မန်ယူ၊ လီဗာပူးနှင့် ချယ်လ်ဆီးတို့နိုင်ပွဲရ
အိမ်ကွင်း၌ အာဆင်နယ်တို့ တန်းတက်ဟူးလ်စီးတီးကို ရှုံးပွဲကြုံ

လန်ဒန် စက်တင်ဘာ ၂၇

ပရီမီယာလိဂ် ပွဲစဉ်(၆)ကို စက်တင်ဘာ၂၇ရက်က ယှဉ်ပြိုင်ကစားရာ မန်ယူ၊ လီဗာပူး၊ ချယ်လ်ဆီးတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး အာဆင်နယ်က အိမ်ကွင်း၌ တန်းတက်ဟူးလ်စီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွားသည်။

မန်ယူနှင့် ဘော်လ်တန်

အိမ်ကွင်းဖြစ်သော်လည်းမန်ယူတို့ အမာခံကစားသမားများ အပြည့်ထုတ်သုံးခဲ့သည်။ ဘာဘာတော့ဗ်၊ တီဗက်ဇ်တိုက်စစ်အတွဲကို ကွင်းလယ်မှ ဖလက်ချာ၊ အန်ဒါဆန်၊ ပတ်ဂျီဆန်၊ စီရိုနယ်ဒိုတို့က တိုက်စစ်အထိအားဖြည့်ခဲ့သဖြင့် မန်ယူတို့ ဂိုးသွင်းခွင့် ၃၄ကြိမ်ရရှိခဲ့ပြီး ၁၃ကြိမ်အပိုင်ကန်သွင်းခွင့် ရရှိခဲ့သော်လည်း နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။

မန်ယူတို့ ဘော်လ်တန်ကို တစ်ဖက်သတ် ဖိကစားနိုင်ခဲ့ရာမှ မိနစ် ၆၀၌ မန်ယူတို့ ပယ်နယ်တီ ပြစ်ဒဏ်ဘောရရှိရာ စီရိုနယ်ဒိုက ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုး စတင်ရရှိခဲ့သည်။ မန်ယူတို့ ဂိုးများ ဆက်တိုက်သွင်းယူနိုင်ရေးအတွက် ၇၁ မိနစ်၌ အန်ဒါဆန်အစား ပေါလ်စခိုး၊ တီဗက်ဇ်အစား ရွန်နေတို့ကို ထည့်သွင်း ကစားစေခဲ့သည်။

မန်ယူအတွက် ဒုတိယဂိုးကို ၇၇ မိနစ်၌ စီရိုနယ်ဒို ချပေးလိုက်သည့်ဘောလုံးကို ရွန်နေက ဘော်လ်တန်ဂိုးဧရိယာအတွင်းမှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဘော်လ်တန်တို့က ချေပဂိုး သွင်းယူနိုင်ရေးအတွက် ကစားအားမြှင့်ခဲ့သော်လည်း ဒေးဗစ်၊ အီလ်မင်ဒါ၊ ကီဗင်နိုလန်တို့ ကန်သွင်းချက်များ မသေချာမှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်ပြီး မန်ယူတို့ နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။



လီဗာပူးတိုက်စစ်မှူးတောရက်စ်က ဤသို့ အနီးကပ် ဂိုးသွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အဲဗာတန်မှ တင်ကာဟေး အနီကတ်ပြ အထုတ်ခံရသည်။ ထို့နောက် အဲဗာတန်တို့ ပွဲချိန်ပြည့်သည်အထိ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် လီဗာပူးတို့ အဝေးကွင်း၌ သုံးမှတ်အပြည့် ရနိုင်ခဲ့ခြင်းဖြစ်သည်။

စတုတ်နှင့် ချယ်လ်ဆီး

ချယ်လ်ဆီးတို့က လူသစ်တန်း စတုတ်ကို ဖိဖိစီးစီး ကစားနိုင်ခဲ့သည်။ ချယ်လ်ဆီးနည်းပြ စကိုလာရီသည် တန်းတက်စတုတ်ကို လျှော့မတွက်ဘဲ တိုက်စစ်တွင် ဒရော့ဘာနှင့် ကာလူး၊ ကွင်းလယ်၌ မာလူဒါ၊ လမ်းပတ်၊ ဘောလက်နှင့် မီခေးလ်တို့ အပြည့်ထုတ်သုံးခဲ့သည်။

ချယ်လ်ဆီးတို့ စတုတ်ကိုဖိကစားခဲ့ရာ မိနစ်၂၀၌ ဘောက်ဆင်ဝါ ဖြတ်ပေးလိုက်သည့် ဘောလုံးကို လမ်းပတ်ကန်သွင်းရာ ဘေးချော်

မန်ယူအတွက် အဖွင့်ဂိုးကို ပယ်နယ်တီ ပြစ်ဒဏ်ဘောမှ တစ်ဆင့် စီရိုနယ်ဒိုက ဤသို့ ကန်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အဲဗာတန်နှင့် လီဗာပူး

အဝေးကွင်း ဖြစ်သော်လည်း လီဗာပူးတို့က အသာစီးက ကစားနိုင်ခဲ့သည်။ လီဗာပူး တိုက်စစ်မှူး တောရက်စ်သည် ယခုပွဲ၌ ခြေစွမ်းပြနိုင်ခဲ့ပြီး ဂိုးများလည်း သွင်းယူပေးနိုင်ခဲ့သည်။

အဲဗာတန်တို့က ယာကူဘူ တစ်ဦးတည်း တိုက်စစ်မြားဦးထားကာ အာတီတာ၊ အော့စမန်၊ ဖလာမီနီ၊ နဗီးလ်နှင့် တင်ကာဟေးလ်တို့က ကွင်းလယ်မှနေ၍ တိုက်စစ်ကို ဝိုင်းဝန်းပံ့ပိုးပေးခဲ့သည်။

လီဗာပူးအတွက်အဖွင့်ဂိုးကို ၅၉ မိနစ်၌ ရော်ဘီကိန်းဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို အဲဗာတန် ဂိုးဧရိယာအတွင်းမှ တောရက်စ်ညာခြေဖြင့်အပိုင်ကန်သွင်းခဲ့သဖြင့် လီဗာပူးတို့ အဖွင့်ဂိုးရရှိခဲ့သည်။ လီဗာပူးတို့ဂိုးဆက်တိုက်သွင်းယူနိုင်ရေး ဖိကစားခဲ့ရာ ၆၂မိနစ်၌ အဲဗာတန် ဂိုးဧရိယာအတွင်းမှ တောရက်စ် ကပင် အနီးကပ်ညာခြေဖြင့် သွင်းယူလိုက်သဖြင့် လီဗာပူးတို့ ဒုတိယဂိုး ရရှိခဲ့သည်။

ချေပဂိုးရရှိရေးအတွက် အဲဗာတန်တို့ ကြိုးစားသော်လည်း မိနစ် ၈၀၌ ကစားပုံကြမ်းတမ်းမှုကြောင့်

သွားခဲ့သည်။ သို့သော် ၃၆မိနစ်၌ လမ်းပတ်ဂိုးရှေ့ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဘောက်ဆင်ဝါက စတုတ်ဂိုးနှင့် ခြောက်ကိုက်အကွာမှ ညာခြေဖြင့် အပိုင်ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိသွားခဲ့သည်။ ဂိုးထပ်မံ သွင်းယူနိုင်ရေးအတွက် ချယ်လ်ဆီးက ၄၅ မိနစ်၌ ကာလူးအစား အနယ်လ်ကာကို ထည့်သွင်းကစားခဲ့သည်။

စတုတ်တို့က ချယ်လ်ဆီးနောက်တန်းကို ရှစ်ကြိမ်ထိုးဖောက်နိုင်ခဲ့ပြီး ဂိုးသွင်းခွင့် နှစ်ကြိမ်ရရှိခဲ့သော်လည်း ချေပဂိုးမသွင်းနိုင်ခဲ့ချေ။ ချယ်လ်ဆီးတို့က ဂိုးထပ်မံ သွင်းယူနိုင်ရေး ကြိုးစားခဲ့ရာမှ ၇၆မိနစ်တွင် စတုတ်ဂိုးဧရိယာအတွင်းမှ ချယ်လ်ဆီး တိုက်စစ်မှူးအနယ်လ်ကာက အနီးကပ် ကန်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့ပြီး ချယ်လ်ဆီးတို့ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်နှင့် ဟူးလ်စီးတီး

အာဆင်နယ်တို့ အိမ်ကွင်း၌ ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ အာဆင်နယ်တို့ ဟူးလ်စီးတီးကို အိမ်ကွင်း၌ ကစားရသော်လည်း အဓိကကစားသမားများ အပြည့်ထုတ်သုံးခဲ့သည်။ ဗန်ပါစီ၊ အဒီဘာယောနှင့် ဝေါလ်ကော့တ်တို့ ဟူးလ်စီးတီးနောက်တန်းကို (၂၅)ကြိမ် ဂိုးသွင်းခွင့်ရအောင် ထိုးဖောက်ကစားခဲ့ပြီး လေးကြိမ်အပိုင်ကန်သွင်းခွင့် ရရှိသော်လည်း မမျှော်လင့်ဘဲ ရှုံးပွဲနှင့်ကြုံတွေ့ခဲ့ရသည်။

အာဆင်နယ်အတွက် ဂိုးကို မိနစ် ၅၀၌ ဟူးလ်စီးတီးနောက်ခံလူ ပေါမက်ရှိန်းက ဘောလုံးရှင်းထုတ်ရာမှ ဂိုးဝင်သွားသဖြင့်လက်ဆောင်ဂိုးရရှိသည်။ ဟူးလ်စီးတီးတို့က စုစုစည်းစည်းနှင့် တုံ့ပြန်ကစားခဲ့ရာ ၆၂ မိနစ်၌ အာဆင်နယ်မှ ဂီရိုဘာနီက ဂိုးဧရိယာအတွင်းမှ အပိုင်ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။ အနိုင်ဂိုးကို ၆၆မိနစ်၌ ဒေါ်လ်ဆင် ဂိုးရှေ့ ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို ဟူးလ်စီးတီးနောက်ခံလူ ဒေါ်ဆင်က ခေါင်းတိုက်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်တို့ ယခုပွဲ ရှုံးခဲ့သဖြင့် တန်းစီဇယားတွင် ခြောက်ပွဲကစားပြီးချိန်၌ စတုတ္ထအဆင့်သို့ ကျဆင်းသွားခဲ့သည်။

စတုတ်နှင့် ချယ်လ်ဆီးတို့ပွဲတွင် စတုတ်နောက်ခံလူတစ်ဦး ဟန့်တားနေသည့်ကြားမှ ချယ်လ်ဆီးမှ ဘောက်ဆင်ဝါက ဤသို့ ကန်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ပရီမီယာလိဂ် ပွဲစဉ်(၆) အခြားရလဒ်များ

ဗီလာ ၂-၁ ဆန်းဒါးလန်း	မစ်ဒယ်ဘရော့ ၀-၁ ဝက်စ်ဘရွန်း
ဖူလ်ဟမ် ၁-၂ ဝက်စ်ဟမ်း	နယူးကာဆယ် ၁-၂ ဘလက်ဘန်း

ဖောင်ပိတ်အားကစားသတင်း - မောင်ချစ်ကြည်

နှလုံးအန္တရာယ် သိရှိကာကွယ်

ပါမောက္ခဒေါက်တာဦးတင်လတ်

၂၈-၉-၂၀၀၈ရက် (တနင်္ဂနွေနေ့)ယနေ့သည် ကမ္ဘာ့နှလုံးများနေ့ဖြစ်ပါသည်။ ကမ္ဘာ့နှလုံးများနေ့ကို ကမ္ဘာ့နှလုံးစောင့်ရှောက်ရေးအဖွဲ့ကြီးမှ နှစ်စဉ်ဦးဆောင်၍ ကျင်းပလေ့ရှိပါသည်။ ၄င်းအသင်းကြီးသည် နိုင်ငံပေါင်း ၁၀၀ ကျော်ရှိ နှလုံးအဖွဲ့အစည်းပေါင်း၁၉၆ဖွဲ့ဖြင့် ဖွဲ့စည်းထားသည်။ ၄င်းအဖွဲ့ကြီးသည် ဂျီနီဗာတွင် အခြေစိုက်သော အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ လူများအား နှလုံးရောဂါနှင့် လေဖြတ်ရောဂါ ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အသက်ရှည်၍ ကောင်းမွန်သော လူနေမှုဘဝကို ရရှိအောင် ကူညီပေးနေသည်။ ဝင်ငွေအနိမ့်ဆုံးနှင့် အလယ်အလတ်နိုင်ငံများအား အထူးသဖြင့်ရည်ရွယ်၍ ကူညီပေးလေ့ရှိသော အဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။ ၄င်းအဖွဲ့ကြီးသည် ၂၀၀၀ပြည့်နှစ်မှစ၍ ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ကို ဦးစီးဦးဆောင်ပြု၍ နှစ်စဉ်ကမ္ဘာတစ်ဝန်း ကျင်းပလေ့ရှိသည်။

လူအများစုသည် ၄င်းတို့တွင် နှလုံးရောဂါနှင့် လေဖြတ်ရောဂါ ဖြစ်စေသော အန္တရာယ်ကို မသိကြပါ။ ၄င်းအန္တရာယ်သည် လူတစ်ဦးတစ်ယောက်၏ နေထိုင်မှုပုံစံနှင့် မျိုးရိုးဗီဇတို့ ဆက်နွယ်၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သို့ဖြစ်၍ ယခုနှစ်ကမ္ဘာ့နှလုံးများနေ့၏ ဆောင်ပုဒ်မှာ **"နှလုံးအန္တရာယ် သိရှိကာကွယ်"** (Do you know your Risk?) ဖြစ်ပါသည်။ ၄င်း အန္တရာယ်မှ ကာကွယ်ရန် ပြည်သူအများသည် ကျန်းမာသော နေထိုင်စားသောက်မှုများကို ပြုလုပ်ရန် လိုအပ်နေပြီဖြစ်သည်။

နှလုံးရောဂါကိုအားပေးသောအကြောင်းရင်းများ

(Coronary Risk Factors)

နှလုံးရောဂါကိုအားပေးသော အကြောင်းရင်းက ၁၉၄၈ခုနှစ်တွင် "Framingham Heart Study "မှစတင်တွေ့ရှိလာသည်။ ၄င်းသုတေသနပြုချက်တွင် ယောကျ်ားနှင့် မိန်းမဦးရေ ၅၀၀၀ကိုလေ့လာခဲ့ရာမှ တွေ့ရှိခဲ့သည်။ ထို့အပြင် အလားတူ သုတေသနပြုချက်များမှလည်း အခြားသော ရောဂါအကြောင်းရင်းများ (Risks)ကို ထုတ်ဖော်တွေ့ရှိလာသည်။ ယင်းတွေ့ရှိချက်များသည် ၂၀ရာစုနှစ်တွင် နှလုံးရောဂါ ကာကွယ်ခြင်းအတွက် ထူးခြားသော အောင်မြင်မှုဟု ဆိုနိုင်ပါသည်။

နှလုံးရောဂါဖြစ်စေသောအကြောင်းရင်းများကို အောက်ပါအတိုင်း အုပ်စုကြီးနှစ်ခု ခွဲခြားနိုင်သည်။

(၁) ပြုပြင်ပြောင်းလဲ၍ရသော အကြောင်းရင်းများ (Modifiable Risk Factors)။ ဥပမာအားဖြင့် သွေးတိုးရောဂါ၊ သွေးထဲ၌အဆီဓာတ်များခြင်း၊ ဆီးချိုရောဂါ၊ ဆေးလိပ်သောက်ခြင်း၊ မကျန်းမာသော အစားအသောက်စားခြင်း၊ အဝလွန်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းတို့ ဖြစ်ကြသည်။

(၂) ပြုပြင်ပြောင်းလဲ၍မရသော အကြောင်းရင်းများ (Non-Modifiable Risk Factors)။ ဥပမာအားဖြင့် နှလုံးရောဂါမျိုးရိုးရှိခြင်း၊ အသက်ကြီးခြင်း၊ ယောကျ်ားဖြစ်ခြင်း၊ သွေးထဲ၌ အဆီဓာတ်များသော မျိုးရိုးရှိခြင်း၊ လူမျိုး(Ethnicity)၊ မွေးကင်းစ ကိုယ်အလေးချိန်နည်းခြင်းတို့ ဖြစ်ကြသည်။

ပြုပြင်ပြောင်းလဲ၍ရသော အကြောင်းရင်းများကို ယခုနှစ်တွင် နှလုံးရောဂါ ကာကွယ်ရန်အလို့ငှာ ကမ္ဘာအနှံ့အပြားရှိ ပြည်သူအားလုံးသိရှိရန် နှိုးဆော်လိုသဖြင့် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်အဖြစ် သတ်မှတ်ထားသည်။

နှလုံးရောဂါနှင့်လေဖြတ်ရောဂါသည် ကမ္ဘာ့နံပါတ်တစ်လူသတ်သမား

နှလုံးရောဂါနှင့် လေဖြတ်ရောဂါသည် တစ်နှစ်လျှင် ၁၇ဒသမ ၅သန်းသော လူများကို နှစ်စဉ်သေကျေပျက်စီးစေသဖြင့် ကမ္ဘာ့နံပါတ်တစ်လူသတ်သမားဟုပင် တင်စားခေါ်ဝေါ်လေ့ရှိသည်။ ဤသေကျေမှုသည် နှစ်စက္ကန့်လျှင် လူတစ်ယောက်သေစေသည့်နှုန်းနှင့် ညီမျှသည်။ ထို့အပြင် ကမ္ဘာတစ်ဝန်း၌ ၄င်းရောဂါ နှစ်ခုပေါင်းသေနှုန်းသည် HIV/AIDS ၊ အေ့စ်ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုးနှင့် နာတာရှည် အဆုတ်ရောဂါတို့ အားလုံးပေါင်း သေနှုန်းထက်လည်း ပို၍များသည်။

သင့်နှလုံးအန္တရာယ်ကို သင်သိပါစ

နှလုံးရောဂါနှင့် လေဖြတ်ခြင်းကိုဖြစ်စေသော အဓိက အကြောင်းရင်းများမှာ-

(၁) သွေးထဲ၌ ကိုလက်စထရောများခြင်း၊
(၂) သွေးထဲ၌ အဆီဓာတ်များခြင်း၊
(၃) သွေးချိုဓာတ်များခြင်း၊
(၄) ဆေးလိပ်သောက်ခြင်း၊
(၅) အသီးအနှံနှင့် ဟင်းသီးဟင်းရွက် အစားအသောက်နည်းပါးခြင်း၊
(၆) ကိုယ်အလေးချိန်များခြင်းနှင့် အဝလွန်ခြင်း၊
(၇) ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းတို့ ဖြစ်ကြသည်။

ဤအကြောင်းရင်းများ စုပေါင်းလိုက်ပါက နှလုံးရောဂါနှင့် လေဖြတ်ရောဂါဖြင့် သေစေသောအကြောင်းများ အားလုံး၏ ၈၀ရာခိုင်နှုန်း ရှိပေသည်။

အဝလွန်ခြင်း

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် အဝလွန်ကဲသောရောဂါမှာ အထူးတိုးတက်များပြားလာပါသည်။ ထိုကဲ့သို့ဖြစ်လာခြင်း၏အဓိကအကြောင်းရင်း နှစ်ခုမှာ လှုပ်ရှားမှုနည်းသော နေထိုင်မှု (Sedentary Life Style) နှင့် လူတိုင်းလူတိုင်း လုပ်ငန်းခွင်ဝင်ရခြင်းကြောင့် ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်များ၊ အထူးသဖြင့် အလွယ်အစားအစာများ (Fast Food) နှင့် အခြောက်၊ အကြော်၊ မုန့်ပဲသရေစာများကို ဝယ်ယူစားသုံးသောကြောင့် ဖြစ်သည်။

လူအများသည် ရုပ်မြင်သံကြားထိုင်ကြည့်ခြင်း၊ ကွန်ပျူတာဂိမ်းကစားခြင်း၊ ကားရထားစီးခြင်းများလာသော အကြောင်းများကြောင့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးစေပါသည်။ကမ္ဘာတစ်ဝန်းမြို့ပြဆန်သောပြောင်းလဲမှု (Global Urbanization)နှင့် စီးပွားရေးတိုးတက်မှု (Economic development) တို့ကလည်းတစ်ကြောင်း ဖြစ်သည်။ အာဟာရညံ့ဖျင်းသော အစားအစာများ (Poor Nutritional foods)ကြောင့်လည်းဖြစ်သည်။

အဝလွန်ကဲခြင်းသည် နောင်များမကြာမီကာလအတွင်း ဆီးချိုရောဂါကို ကပ်ရောဂါအသွင် ဖြစ်စေတော့မည်ဖြစ်သည်။ သို့ဖြစ်၍ အဝလွန်ကဲခြင်းကို လူထုအသွင်ဖြင့် ဟန့်တားရန် လိုအပ်ပေသည်။

အဝလွန်ကဲခြင်းကို တိုင်းတာနည်းများမှာ ကိုယ်အလေးချိန် ချိန်တွယ်ခြင်း၊ ကိုယ်ခန္ဓာအညွှန်းကိန်း(Body Mass Index)နှင့် ခါးအတိုင်းအထွာ (Waist circumference)သို့မဟုတ် ခါးတင်ပါးအချိုးအစား (waist hip ratio)တိုင်းထွာခြင်းတို့ ဖြစ်သည်။

ကိုယ်ခန္ဓာအညွှန်းကိန်း (Body Mass Index)(BMI)မှာ ကိုယ်အလေးချိန် (ကီလိုဂရမ်)÷အရပ်အမြင့်(မီတာ)^{2} ဖြစ်သည်။ 25kg/m^{2} ထက် ကျော်ပါက ဝသည်ဟု ယေဘုယျသတ်မှတ်သည်။ သို့သော်လည်း အာရှနိုင်ငံသားများအတွက် BMI 23kg/m^{2} အထက်ကို ဝသည်ဟု သတ်မှတ်ပါသည်။

ကိုယ်အလေးချိန်	WHO BMI	Asian BMI
အမျိုးအစား	(kg/m^{2})	(kg/m^{2})
ပုံမှန်	18.5-24.5	18.5-22.9
ပေါင်ချိန်ပိုကဲသူ	25-29.9	23.0-24.9
အဝလွန်သူ	>30	>25

နှလုံးရောဂါ ဖြစ်ပွားမှုသည် BMI ထက် ခါးအတိုင်းအထွာ (waist circumference)နှင့် ခါးတင်ပါး အချိုးအစား (waist hip ratio)တို့နှင့် ပို၍ ဆက်စပ်မှုရှိသည်။ အကြောင်းမှာ ခါးအတိုင်းအထွာနှင့် အထူးသဖြင့် ခါးတင်ပါး အချိုးအစားတို့သည် ကိုယ်တွင်း ကလီစာအဆီ (Visceral fat) တို့နှင့် တိုက်ရိုက်ဆက်သွယ်မှု ရှိနေသောကြောင့် ဖြစ်ပေသည်။ ဆိုလိုသည်မှာ ကိုယ်တွင်းကလီစာအဆီဓာတ်များလေလေ နှလုံးရောဂါ ဖြစ်ပွားမှုများလေလေ ဖြစ်သည်။

ခါးအတိုင်းအထွာ ကျား-၁၀၂ စင်တီမီတာ(လက်မ၄၀)၊ မ ၈၈စင်တီမီတာ(၃၅လက်မ) ထက်ကျော်လွန်လျှင်သော်လည်းကောင်း၊ ခါးတင်ပါး အချိုးအစားကျား-၀ဒသမ၉၀၊ မ-၀ဒသမ ၈၅ထက် ကျော်လွန်လျှင်သော်လည်းကောင်း နှလုံးရောဂါဖြစ်ပွားရန် သာမန်လူထက် ပို၍များပါသည်။

အဝလွန်ကဲသော အချို့သော သူများတွင် အဝလွန်ကဲသော လက္ခဏာစု (Metabolic Syndrome) ရှိတတ်ကြသည်။ ထိုသူများတွင် နှလုံးရောဂါဖြစ်စေသော အကြောင်းရင်းများ (Clustering of risk factors) စုပြုံ၍ ရှိနေပေသည်။

၄င်းတို့မှာ သွေးထဲ သကြားဓာတ်များခြင်း၊ သွေးပေါင်ချိန်တက်ခြင်း၊ သွေးထဲ၌ မကောင်းသော အဆီ (LDL)များခြင်း၊ ကောင်းသော အဆီ (HDL) နည်းခြင်း၊သွေးထဲ၌ Triglycerides အဆီဓာတ်များခြင်း၊ သေး၍ကျစ်လျစ်သော အဆီ (Low Dense LDL) များခြင်း၊ သွေးခဲစေသော အခြားဓာတ်များ လွန်ကဲခြင်းစသည်တို့ ဖြစ်သည်။

သို့ဖြစ်၍ သာမန်သူတွေထက် နှလုံးရောဂါဖြစ်ပွားရန် သုံးဆခန့်ပို၍ များပေသည်။ ထို့ပြင် နှလုံးရောဂါကြောင့်သေနှုန်း (Coronary Heart Disease Mortality)၊ ဦးနှောက်သွေးကြောရောဂါကြောင့် သေနှုန်း (Cerebrovascular Disease Mortality) နှင့် အလုံးစုံသေနှုန်း (All Causes Mortality)တို့သည် သာမန်လူများထက် မြင့်မားပေသည်။ သို့ဖြစ်၍ အဝလွန်ကဲသော လက္ခဏာစု မဖြစ်ပွားစေရန် ကျန်းမာသော နေထိုင်စားသောက်မှုသည် မည်မျှအရေးကြီးကြောင်း လူတိုင်းသတိချပ်သင့်ပေသည်။

ထို့ပြင် အဝလွန်ကဲသော လက္ခဏာစုရှိသူများသည် မကြာမီ ဆီးချိုရောဂါဖြစ်ပွားရန် အလားအလာလည်း ရှိနေပေသည်။ ဆီးချိုရောဂါသည် နှလုံးရောဂါ ဖြစ်စေသောအကြောင်းအရင်းဟု လက်ခံထားရုံမျှမက ယခုအခါ "ဆီးချိုရှိလျှင် နှလုံးရောဂါစ၍ ဖြစ်နေပြီ" ဟူသော အယူအဆသစ်တစ်ရပ်ကို ဆေးပညာရှင်များက လက်ခံကျင့်သုံးနေပြီဖြစ်သည်။

အန္တရာယ်ကို သိစေနိုင်သော တစ်ခုတည်းသောနည်းလမ်း

အန္တရာယ်ကို သိစေနိုင်သော တစ်ခုတည်းသောနည်းလမ်းမှာ တတ်ကျွမ်းသော ကျန်းမာရေးဝန်ထမ်းများနှင့် စစ်ဆေးခြင်းသာဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ မိမိ၌သွေးတိုးရောဂါရှိ၊မရှိ၊ သွေးထဲ၌ ကိုလက်စထရောများနေ မနေ၊ သွေးချိုဓာတ်များနေ မနေ၊ ခါးအတိုင်းအထွာ ပြုလုပ်ခြင်းနှင့် ကိုယ်ခန္ဓာအဆီဓာတ် အညွှန်းကိန်း Body Mass Index (BMI) **တိုင်းထွာခြင်းတို့ကို ပြုလုပ်သင့်ပေသည်။ အလုံးစုံအန္တရာယ်** (Overall risk) **ကိုစစ်ဆေးပြီးနောက် နှလုံးရောဂါနှင့် လေဖြတ်ရောဂါ မဖြစ်ပေါ်ရန်အလို့ငှာ ကျန်းမာရေးဝန်ထမ်းများ၏ လမ်းညွှန်ချက်များကို လိုက်နာ၍ တိတိကျကျ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။**

နှလုံးရောဂါဖြစ်စေသော အကြောင်းရင်းများကို စုပေါင်း၍ ဇယားတစ်ခုခု ဖြင့် တွက်ချက်နိုင်ပါသည်။ တွက်ချက်ရန် နည်းအမျိုးမျိုးရှိသည့်အနက် SCORE Chart သို့မဟုတ် Joint British Society Coronary Risk Prediction Chart တို့မှာ အသုံးများပါသည်။ လူတစ်ယောက်ကို အသက်၊ ကျား-မ၊ သွေးပေါင်ချိန်၊ အဆီဓာတ်၊ ဆေးလိပ်သောက်ခြင်းတို့ကို အခြေခံပြီး ဇယားဖြင့်တွက်ချက်လျှင် နှလုံးရောဂါဖြစ်နိုင်ခြေကို ခန့်မှန်း၍ရပါသည်။

သွေးတိုးရောဂါသည် လေဖြတ်ရောဂါ၏ နံပါတ်တစ်အကြောင်းရင်း ဖြစ်သည့်အပြင် နှလုံးရောဂါဖြစ်ခြင်း၏အဓိကအကြောင်းရင်း

သွေးတိုးရောဂါသည် ကမ္ဘာတစ်ဝန်း လူသန်းပေါင်းတစ်ထောင်၌ ဖြစ်နေပါသည်။ ထိုသူများထဲမှ လူ ၇ဒသမ၁သန်းကို နှစ်စဉ်တိုက်ရိုက်သေဆုံးစေပါသည်။ သွေးတိုးရောဂါသည် မြင်သာထင်ရှားသော လက္ခဏာမရှိတတ်ပါ။ သို့ဖြစ်၍ နားလည်တတ်ကျွမ်းသော ကျန်းမာရေးဝန်ထမ်းများဖြင့် စစ်ဆေးမှု မပြုမခြင်း သင့်၌သွေးတိုးရောဂါ ရှိ၊မရှိ မသိရှိနိုင်ပါ။ ကောင်းသော အချက်တစ်ခုမှာ လူတစ်ယောက်၌ သွေးတိုးရောဂါ ရှိ၊ မရှိကို စစ်ဆေးရန် လွယ်ကူပြီး အစားအသောက် အနေအထိုင်ပြုပြင်မှုနှင့် ဆေးဝါးတို့ဖြင့် သွေးတိုးရောဂါကို အလွယ်တကူ ထိန်းချုပ်နိုင်သော အချက်ဖြစ်ပေသည်။

သွေးတိုးရောဂါသည် မကြာမီနှစ်များအတွင်း ရာခိုင်နှုန်း၅၀ခန့် မြင့်တက်ရန်ရှိနေပြီး မလွဲမသွေ မဖြစ်ပေါ်လာစေရန် ကာကွယ်နိုင်ပါသည်။ လူနေမှုပုံစံပြောင်းလဲနေထိုင်ခြင်းနှင့် ရောဂါဖြစ်စေသောအကြောင်းများ(Risk)ကိုလျှော့ချခြင်းဖြင့် ကာကွယ်နိုင်ပါသည်။

နှလုံးကောင်းမှ အသက်ရှည်မှုစိတ်ချရ

အကယ်၍ ရောဂါဖြစ်စေသော အဓိကအကြောင်းရင်းများကို လျှော့ချနိုင်ပါက နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့ကို အတော်ပင်ကာကွယ်နိုင်ပေသည်။

မှန်မှန်ကန်ကန် ကိုယ်လက်လှုပ်ရှားခြင်း။ ။ ကိုယ်လက်လှုပ်ရှားမှုအားနည်းခြင်းသည် နှလုံးရောဂါကို တစ်ဆခွဲပိုမိုဖြစ်စေပါသည်။ အကြောင်းမှာ နှလုံးရောဂါဖြစ်စေသော အကြောင်းရင်းများကို ဖြစ်အောင်တွန်းအားပေးစေသကဲ့သို့ရှိပေသည်။ ကိုယ်လက်လှုပ်ရှားခြင်းကို သင်၏ နိစ္စဓူဝ အလုပ်တစ်ခုအဖြစ် ပြုလုပ်သင့်ပါသည်။ သင်၏နှလုံးမြန်လာသည်အထိ ကိုယ်လက်လှုပ်ရှားမှုကို နေ့စဉ်အနည်းဆုံးနာရီဝက်ခန့် ပြုလုပ်သင့်ပါသည်။ ပြုလုပ်သင့်သည်များမှာ မြန်မြန်လမ်းလျှောက်ခြင်း၊ သစ်ပင်ပန်းပင်စိုက်ပျိုးခြင်း၊ ကခုန်ခြင်း၊ တင်းနစ်နှင့် ဘတ်စကက်ဘောကစားခြင်းတို့ ဖြစ်သည်။ တစ်နေ့လျှင် နာရီဝက်မှ တစ်နာရီ၊ တစ်ပတ်လျှင် သုံး-ငါးရက်အထိ ကိုယ်လက်လှုပ်ရှားမှုပြုပါ။ ဥပမာ-မြန်မြန်သွက်သွက် လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီးခြင်းဖြင့် အပေါ်သွေး (Systolic BP)နှင့် အောက်သွေး (Diastolic BP) နှစ်မျိုးလုံးကို လျှော့ကျစေသည်။ ဤသို့ ကိုယ်လက်လှုပ်ရှားခြင်းသည် မကောင်းသော အဆီ (LDL cholesterol)ကို ကျစေပြီး ကောင်းသောအဆီ (HDL cholesterol) ကို တက်စေနိုင်သဖြင့် နှလုံးသွေးကြောကျဉ်းရောဂါကို ပိုမို၍ ကာကွယ်ပေးနိုင်သည်။ ထို့အပြင် ကိုယ်အလေးချိန်ကိုလည်း ကျစေသည်။

စာမျက်နှာ ၁၁ ကော်လံ ၁

နှလုံးရောဂါနှင့် လေဖြတ်ရောဂါသည် တစ်နှစ်လျှင် ၁၇ ဒသမ ၅ သန်းသောလူများကို နှစ်စဉ်သေကျေပျက်စီးစေသဖြင့် ကမ္ဘာ့နံပါတ်တစ်လူသတ်သမားဟုပင် တင်စားခေါ်ဝေါ်လေ့ရှိ၊ ဤသေကျေမှုသည် နှစ်စက္ကန့်လျှင် လူတစ်ယောက်သေစေသည့် နှုန်းနှင့် ညီမျှ၊ ကမ္ဘာတစ်ဝန်း၌ ၄င်းရောဂါ နှစ်ခုပေါင်းသေနှုန်းသည် HIV/AIDS ၊ အေ့စ်ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုးနှင့် နာတာရှည် အဆုတ်ရောဂါတို့ အားလုံးပေါင်း သေနှုန်းထက်လည်းပို၍များ။

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

အလုပ်များလွန်းသဖြင့် ကိုယ်လက်လှုပ်ရှားမှုအတွက် အချိန်မပေးနိုင်ခဲ့သော် အကောင်းဆုံးနည်းလမ်းမှာ သွားလိုရာခရီးကို ဘတ်စ်ကားစီးသည့်အခါ မှတ်တိုင်သုံးခုခန့် ကြိုဆင်း၍ လမ်းလျှောက်ပါ၊ ဓာတ်လှေကားမစီးဘဲ လှေကားကို အသုံးပြုပါ။ မိသားစုနှင့် အတူတကွ လှုပ်ရှားမှု ပြုလုပ်ပါ၊ တစ်ပတ်လျှင် နှစ်ကြိမ်သုံးကြိမ်ခန့် စုပေါင်း၍ လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ရေကူးခြင်း၊ ဘောလုံးကစားခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ ပန်းခြံပြုပြင်ခြင်းစသည်ဖြင့် ပြုလုပ်ပါ။ အိမ်တွင်းအိမ်ပြင် အမှိုက်သန့်ရှင်းရေး စုပေါင်းပြုလုပ်ပါ။ မိတ်ဆွေသူငယ်ချင်းများနှင့် စုပေါင်း၍ အားကစားတစ်ခုခုပြုလုပ်ပါ။ နေ့လယ်ပိုင်း စုပေါင်းလမ်းလျှောက်ခြင်း၊ ကုမ္ပဏီအုပ်စုတွင်း၊ ဌာနတွင်းတွင် စုပေါင်း လမ်းလျှောက်ပွဲ၊ မာရသွန်ပွဲ ပါဝင်ဆင်နွှဲပါ။ အခြားကုမ္ပဏီ၊ ဌာနများနှင့်လည်း အားကစားပွဲများကျင်းပ၍ ပါဝင်ဆင်နွှဲပါ။ ဥပမာ- ဘောလုံး၊ ဘတ်စကက်ဘော၊ ဘော်လီဘောပြိုင်ပွဲများကျင်းပပြီး အားကစားပြုလုပ်သင့်ပါသည်။

ဟင်းသီးဟင်းရွက်နှင့်အသီးအနှံများများစားသုံးခြင်း။ ။ဤအချက်ကို လူတော်တော်များများ မေ့လျော့နေကြပါသည်။ တစ်နေ့လျှင် သုံးကြိမ်မှ ငါးကြိမ်စားသုံးခြင်းသည် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ခြင်းကို ၁၇ရာခိုင်နှုန်း လျော့ကျစေနိုင်ပါသည်။ ဟင်းသီးဟင်းရွက်များကို အနည်းဆုံး ဂရမ် ၄၀၀-၅၀၀(၂၅ကျပ်သားမှ၃၀ကျပ်သား) စားသုံးသင့်ပါသည်။ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများများ စားသုံးခြင်းဖြင့် အစားအသောက်ပမာဏနှင့် အဆီဓာတ်ကို လျော့ကျစေသည်။ ထောပတ်၊ အဆီများသော အသား၊နွားနို့၊ ဆီကြော် အစားအစာ၊ ကိတ်မုန့်၊ ရေခဲမုန့်တို့ကို ရှောင်ပါ။ ယင်းအစားအစာများအစား အသားငါးများကို ပြုတ်၍ ပေါင်း၍စားပါ။ ပြောင်းကဲ့သို့ နှံစားသီးနှံများကို ပိုမို၍စားပါ။

ကျန်းမာသောအစားအစာ (Healthy Diet)။ ။ မပြည့်ဝသောအဆီ (Unsaturated & Monosaturated Fats) များပါသော အစားအစာများကို ရွေးချယ်စားသုံးပါ။ ၎င်းတို့မှာ အသီးအနှံမှထွက်သော ဆီများ(နှမ်းဆီ၊ ပဲဆီ၊ နေကြာဆီ) စသည်တို့ ဖြစ်သည်။ ပြည့်ဝဆီ (Saturated Fats)၊ Trans Fat (ပြန်ကြော်ဆီဖြင့် ကြော်ခြင်း)နှင့် Cholesterols များသော အစားအစာများကို ရှောင်ပါ။ တိရစ္ဆာန် အဆီများ၊ စားအုန်းဆီများကိုရှောင်ပါ။ အကြော်များကို တတ်နိုင်သမျှရှောင်ပါ။ အသားသက်သက် (အဆီမပါ)နှင့် ငါးများကို ပိုမိုစားသုံးပါ။

အငန်ဓာတ်စားသုံးမှုလျှော့ချပါ။ ။ အငန်ဓာတ်များများ စားသုံးလေလေ သွေးတိုးရောဂါ ဖြစ်လေလေ ဖြစ်ပါသည်။ အငန်ဓာတ်လွန်ကဲသော အစားအစာများ ဥပမာ-ငါးပိ၊ ငါးခြောက်၊ အသားအခြောက်အခြမ်းများကို ရှောင်ပါ၊ ဆားထပ်ထည့်၍ စားသောက်ခြင်းကို ရှောင်ကြဉ်ပါ၊ စားသောက်ဆိုင်များရှိ အစားအစာများနှင့် တာရှည်ခံအစားအစာများမှာ အငန်ဓာတ်ပိုကဲသည်ကို သတိရှိပါ၊ တစ်နေ့လျှင် ဆား၃ဂရမ် လျှော့စားခြင်းဖြင့် လေဖြတ်၍ သေဆုံးခြင်းမှ၂၂ရာခိုင်နှုန်း ကာကွယ်နိုင်ပြီး နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးခြင်းမှ ၁၆ရာခိုင်နှုန်း ကာကွယ်နိုင်ပါသည်။

ဆေးလိပ်ဖြတ်ခြင်း။ ။ဆေးလိပ်ဖြတ်လျှင် နှစ်နှစ်အတွင်း နှလုံးရောဂါဖြစ်နိုင်ခြေသည် သိသိသာသာများစွာ လျော့ကျသွားပါသည်။ ဆေးလိပ်ဖြတ်သောသူသည် ၁၅နှစ်ကြာသောအခါ၌ ဆေးလိပ်မသောက်သူကဲ့သို့ နှလုံးရောဂါဖြစ်နိုင်ခြေ လျော့ကျသွားသည်။ သို့ဖြစ်၍ ဆေးလိပ်သောက်သူတိုင်း ဆေးလိပ်ဖြတ်ရန် လွန်စွာမှအရေးကြီးပါသည်။ ဆေးလိပ်သောက်ခြင်းနှင့် သွေးတိုးရောဂါသည် တိုက်ရိုက်ဆက်သွယ်မှုမရှိသော်လည်း ဆေးလိပ်သောက် ခြင်းသည် နှလုံးရောဂါနှင့် အဆုတ်ရောဂါများကို ဖြစ်စေသည့် ခိုင်မာသော အထောက်အထားများရှိပါသည်။ ဆေးလိပ်ဖြတ်ခြင်းသည် အလွန်ထိရောက်၍ အကုန်အကျအနည်းဆုံး နှလုံးရောဂါကာကွယ်သည့်နည်းလမ်းတစ်ခု ဖြစ်သည်။ နီကိုတင်းအစားထိုးကုသမှု (Nicotine Replacement Therapy) နှင့် Bupropion များကို ဆေးလိပ်ဖြတ်ရာတွင် ကူညီနိုင်ပါသည်။ Nortryptylone ဆေးဝါးနှင့် Selective Cannaboid Receptor(CBI) များသည် လည်း ဆေးလိပ်ဖြတ်ရာတွင် ကူညီနိုင်ပါသည်။

အခြားသူသောက်သော ဆေးလိပ်ငွေ့ကိုရှူခြင်း(Passive Smoking)မှလည်း ရောဂါရစေသဖြင့် သင်၏အိမ်နှင့် လုပ်ငန်းခွင်တွင် ဆေးလိပ်ငွေ့များ မရှိစေရန် စီမံဆောင်ရွက်ထားပါ။

အရက်ဖြတ်ခြင်း။ ။အရက်အလွန်အကျွံသောက်ခြင်းသည် သွေးတိုးစေသည့်အပြင် နှလုံးရောဂါနှင့် အသည်းရောဂါကိုလည်း ဖြစ်စေပါသည်။

စိတ်ဖိစီးမှု လျှော့ချခြင်း (Relaxation Therapies)။ ။စိတ်ဖိစီးမှုလျှော့ချခြင်း (Relaxation Therapies)သည် သွေးတိုးရောဂါကို လျှော့ချစေနိုင်ပါသည်။ စိတ်ဖိစီးမှုလျှော့ချကုသမှု (Stress Management)၊ တရားထိုင်ခြင်း (Meditation)၊ မှတ်ဉာဏ်အားကောင်းအောင်ပြုလုပ်ခြင်း (Congrative Therapies)၊ ကြွက်သားလျှော့ချခြင်း (Muscle Relaxation)၊ သဘာဝတုံ့ပြန်မှုကုထုံး (Bio Feedback) များသည် သွေးတိုးရောဂါကို ကျဆင်းစေပါသည်။

ကော်ဖီနှင့် ကဖိန်းဓာတ်ပါဝင်သောအစားအစာများရှောင်ကြဉ်ခြင်း။ ။ တစ်နေ့လျှင် ကော်ဖီငါးခွက်နှင့်အထက် သောက်သုံးပါက သွေးတိုးရောဂါကို ဖြစ်စေနိုင်ပါသည်။

နှလုံးရောဂါမဖြစ်ပွားစေရန် လူတိုင်းကိုယ်စီလုပ်သင့်သော အရာများမှာ-

- **(၁) ကိုယ်လက်မှန်မှန်လှုပ်ရှားခြင်း၊**
- **(၂) ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများများစားသုံးခြင်း၊**
- **(၃) ဆေးလိပ်ဖြတ်ခြင်း၊**
- **(၄) အငန်ဓာတ်စားသုံးမှု လျှော့ချခြင်း၊**
- **(၅) ကျန်းမာသော အာဟာရဓာတ်ညီမျှသော အစားအစာများကို စားသုံးခြင်းတို့** ဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း **"နှလုံးအန္တရာယ်သိရှိကာကွယ်"** ဆောင်ပုဒ်ဖြင့် တိုက်တွန်းနိုးဆော်လိုက်ရပါသည်။ ။

■ *ကျောဖုံးမှ*

အလဲထိုး

ယနေ့ပွဲတွင် လေးချီအထူးပွဲအဖြစ် နဂါး (မြန်မာသွေးသစ်)ကို မျိုးအောင် (ဒေါင်းမြန်မာ)က ပထမအချီ ၂မိနစ်၄၄ စက္ကန့်၌ အလဲထိုးခဲ့သော ပွဲတစ်ပွဲပါဝင်သည်။ ငါးချီစိန်ခေါ်ပွဲများတွင် မိမိထက် ဝိတ်တန်းနှစ်တန်းစာမက လူကောင်ကြီးသော ခိုင်စကြာ (ရက္ခဗျာလ)ကို စောကရင် (မိုးသောက်ကြယ်)က ပထမပိုင်းအချီများ၌ ဆိုင်ထိုး ပြိုင်ထိုးသော်လည်း

သူရရဲအောင်(ယာ)၏ ညာဝိုက်လက်သီးကို တွေ့မရှောင်က ဘယ်လက်ဖြင့် ဤသို့ ဆန့်တန်းဟန့်ထားခဲ့သည်။ (မြန်မာ့အလင်း)

နောက်ပိုင်းတွင် ဝိုင်းပတ်ပြေးကာ သရေပွဲအရယူလိုက်သည်။ သားသား (K.L.N) နှင့် ရှုမဝ(ဒေါင်းမြန်မာ)တို့ လက်သီးချင်းဆိုင်၊ ဒူးချင်းအပြိုင်တိုက်ကြသော်လည်း သရေပွဲဖြစ်ခဲ့ပြန်သည်။ ရာဇဝင်ကြွေးရှိကြသော ကျော်ခေါက်(ဒေါင်းမြန်မာ)နှင့် အောင်ဒီပ(အလင်းရောင်)တို့ပွဲတွင် အောင်ဒီပက ဒူးတိုက်ချက်များဖြင့် ပထမအချီ ၁မိနစ် ၅၃စက္ကန့်၌ အလဲထိုးအနိုင်ယူကာ လပွတ္တာပွဲမှ ကြွေးကိုချေလိုက်သည်။

အရှုံးပေး

ထို့နောက် ထစ်ချွန်း (မိုးသောက်ကြယ်) နှင့် အောင်ပိုင်လေး (ရက္ခဗျာလ) တို့ယှဉ်ကြရာ ထစ်ချွန်းက ထိုးလုံးသတ်ပေါက် ကောင်းသော်လည်း လူကောင်သာသော အောင်ပိုင်လေးကို ပါဝါချင်းမယှဉ်နိုင်ဘဲ ပဉ္စမအချီ ၂မိနစ် ၅၄စက္ကန့်၌ ညာပင့် လက်သီးထိကာ အရှုံးပေးလိုက်ရသည်။ ပွဲစဉ်(၆)မှ ကျော်ဆန်း(မိုးသောက်ကြယ်) နှင့် မိုက်တိုင်စန်(အလင်းရောင်) တို့ တွဲဆိုင်းက ထိုးလုံးသတ်ပေါက် အလှအပများဖြင့် ပရိသတ်ကိုနှိုးဆွနိုင်ခဲ့သည်။ကျော်ဆန်းက လက်သီးကောင်းသော်လည်း ပတ်ခြေနှင့် လက်သီးတွဲပြီး ကန့်လန့်ဒူးပါ ပူး၍တိုက်သော မိုက်တိုင်စန်ကို စတုတ္ထအချီ ၄၅စက္ကန့်၌ အရှုံးပေးလိုက်ရသည်။

စောဂပရေမှုးနှင့် ဝါးရင်းတုတ်ဖိုးကေ

ပွဲစဉ်(၇)က ပရိသတ်မျှော်လင့်နေကြသော စောဂပရေမှုး(တွံတေး)နှင့် ဝါးရင်းတုတ်ဖိုးကေ(မန္တလေး)တို့ပွဲဖြစ်သည်။ ယခုပြိုင်ပွဲရုံ၌ပင် လွန်ခဲ့သောနှစ်လက ဖိုးကေ၏ ဘယ်ဝိုက်ထိကာ ပထမအချီ ၂၅စက္ကန့်အတွင်း စောဂပရေမှုး မျက်ခုံးကွဲ၍ ဆေးရှုံး ရှုံးခဲ့ရဖူးသည်။ သို့ဖြစ်၍ ယခုပွဲက စောဂပရေမှုး၏ မကျေပွဲဖြစ်ကြောင်း သိထားကြသော ပရိသတ်များက လက်ဝှေ့သမားများ စင်ပေါ်မတက်မီကပင် ကြိုတင်လက်ခုပ်တီးနှင့်ကြသည်။

အမှတ်စဉ်အရေးခံရ

ပထမအချီလွှတ်သည်နှင့် ဖိုးကေက သူ၏မူပိုင် ဝိုက်တွဲဖြင့် လိုက်သည်။ စောဂပရေမှုးက တစ်ခါခံဖူးထားသဖြင့် ပါးနပ်စွာ ဆုတ်ရှောင်ရင်း ပြင်းထန်သော ပတ်ခြေများကို ဖိုးကေ၏ နံကြားသို့ ပို့သည်။ ဖိုးကေ၏ လက်သီးအကျွံတွင် အပိုင်ချုပ်ရင်း ဒူးဖြင့်တိုက်သည်။လက်သီးအားကိုးသော ဖိုးကေက စောဂပရေမှုးကို ဒူးချင်းယှဉ်ရန်ကြိုးစားသော်လည်း အခြေမလှခဲ့။ ချုပ်ဒူးများကြောင့် ဖိုးကေအားလျော့လာသောအခါ စောဂပရေမှုးက စူးနစ်သော ဖြောင့်လက်သီးတွဲများ လွှတ်သည်။ ဖိုးကေ၏ ဝိုက်တွဲနှင့် စောဂပရေမှုး၏ ဖြောင့်တွဲတို့ တိုက်ချင်းပစ်ဒိုးအပြိုင် လွှတ်သကဲ့သို့ထိုးကြရာ သူထိကိုယ်ထိဖြင့် ချွေးစက်တို့ ပလူပျံကြပြီး ပရိသတ်လက်ခုပ်သံလည်း ညံခဲ့သည်။

ထိုသို့ပြိုင်ထိုးဆိုင်ထိုးရာမှ စောဂပရေမှုး၏ ညာဖြောင့်က ဖိုးကေ၏မေးရိုးကို တည့်တိုးထိသွားရာ ပထမအချီပြီးလုပြီးခင်၌ ဖိုးကေ အမှတ်စဉ်အရေးခံရသည်။

စောဂပရေမှုးနိုင်

ဒုတိယအချီတွင်လည်း စောဂပရေမှုးက အားပါသော ပတ်ခြေကန်ချက်များဖြင့် မိထားပြီး ဖြောင့်လက်သီးတွဲများကို အတွဲလိုက်ပစ်ထိုးသည်။ ဖိုးကေက ဝိုက်တွဲများ တစ်တွဲချင်းပြန်ပစ်သော်လည်း စောဂပရေမှုး၏ ညာဖြောင့်ကပစ်မှတ်ကိုအရင်ထိသည့် သဘောရှိရာ ဒုတိယအချီ ၂မိနစ် ၃၅စက္ကန့်တွင် ဖိုးကေအနားတောင်းရတော့သည်။ ပြန်တည်ထိုးကြရာ၌ သူ၏လက်သီးက ခရီးရောက်ကြောင်းသိသွားသည့် စောဂပရေမှုးက တွဲလုံးများဖြင့် မနားတမ်းပစ်တော့ရာ ခံစစ်အကြောင်းနားမလည်ဘဲ အမြဲတမ်းတိုက်စစ်ဖွင့်လာသည့် ဖိုးကေလည်းအံခဲ၍ ဝိုက်တွဲများဖြင့် တုံ့ပြန်သည်။ သို့ရှိရာမှ ဒုတိယအချီပြီးရန် ၂၈စက္ကန့်သာလိုတော့သည့်အချိန်၌ စောဂပရေမှုး၏ စူးနစ်သောညာဖြောင့်က မေးရိုးသို့တည့်ထိပြန်ရာ ဖိုးကေ ပြန်ထမလာနိုင်တော့ဘဲ စောဂပရေမှုး အလဲထိုးခြင်းဖြင့် အနိုင်ရရှိသွားခဲ့သည်။

စိန်ခေါ်ပွဲကြီး

ပထမနေ့ပွဲစဉ်များ၏ နောက်ဆုံး အဓိကစိန်ခေါ်ပွဲကြီးဖြစ်သော ဝယ်လ်တာဝိတ်တန်း ထပ်ဆင့်ရွှေခါးပတ် ချန်ပီယံ သူရရဲအောင် (မြန်မာပြည်သား)နှင့် လိုက်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ဩစတြေးယားပြန် တွေ့မရှောင် (K.L.N) တို့၏ ပွဲကိုလည်း ပရိသတ်များကအထူးမျှော်လင့်အားထားခဲ့ကြသည်။ ထိုပွဲကပရိသတ်များ မျှော်လင့်ရကျိုးနပ်အောင်ပင် ကောင်းခဲ့သည်ဟု ဆိုရမည်။ အထူးသဖြင့် Non-Stop Fighter တွေ့မရှောင်၏ ရင်းထိုးသော သတ်ကွက်က ပရိသတ်၏ လက်ခုပ်သံကို သဲ့ယူခဲ့သည်။ တွေ့မရှောင်က ဘယ်ခြေရှေ့ကို ခင်း၍ ဘယ်လက်ဆန့်ကာ ရှေ့တိုးအလိုက် ဘယ်သန် သူရရဲအောင်က ညာခြေရှေ့ခင်းရင်းမှ ညာထောက်ဖြင့် ဟန့်ပြီး ဘယ်ပင့်ဒူးဖြင့် ဆီးဆို့သည်။ တွေ့မရှောင်က အမည်နှင့် လိုက်အောင်ပင် မရှောင်တမ်းဆက်၍ တိုးနေသဖြင့် သူရရဲအောင်က ဘယ်ဖြောင့် ညာပင့်ညာထောက်များသုံး၍ ထိုးဆုတ် ဆုတ်နေရသည်။

သူရရဲအောင်ကို အလဲထိုး အနိုင်ယူအပြီး လက်ဝှေ့ဝါသနာအိုးများက တွေ့မရှောင်ကို ဤသို့ ဝိုင်းဝန်းနှုတ်ဆက်ခဲ့ကြသည်မှာ...။(မြန်မာ့အလင်း)

တွေ့မရှောင်က လက်ဆန့်၊ ဂတ်ပိတ်လိုက်ရင်းမှ ပြင်းထန်သော ခြေကန်ချက်များဖြင့် အတွင်းခတ်ခတ်သည်၊ လူချင်းကပ်မိလျှင် အတွင်းဆွဲ ညာဝိုက်လက်သီးဖြင့် နံကြားသို့ ထိုးပြီး ဘယ်တံတောင်ရိုက်သည်။ သူရရဲအောင်ကလည်း ပင့်ဝိုက်ဖြောင့် လက်သီးစုံသုံးသည်။

မျက်ခုံးကွဲ

သူရရဲအောင်လက်သီးများက အချက်ရေများများနှင့် မြန်မြန်ထိသော်လည်း မာဂုဏ်မြင့်သော တွေ့မရှောင်ကိုမဟန့်တားနိုင်ဘဲ တစ်ဆုတ်တည်း ဆုတ်နေရသည်။ ဒုတိယအချီ ၄၃ စက္ကန့်တွင် သူရရဲအောင်က ခွာစစ်ဆင်ရင်းမှ ရုတ်တရက် ငါးရံ့ခေါင်းတိုး သတ်ကွက်ဖြင့် ပြန်အတုံ့ တွေ့မရှောင်က ချိုစောင်းဖြင့် ဆောင့်ခံခံလိုက်ရာကားနှစ်စီး အရှိန်ဖြင့်ဝင်ဆောင့်သကဲ့သို့ဖြစ်ပြီး သူရရဲအောင်၏ ဘယ်မျက်ခုံး ဟက်တက်ကွဲရုံမကဘဲ ပက်လက်လဲသွားသည်။ ပြန်ထရန် ကြိုးစားသော်လည်း ကြမ်းပြင်နှင့်ကျော ခွာမရဘဲ ဖြစ်နေသဖြင့် အကူလူများက အလျင်အမြန် အနားတောင်းကာ ပြုစုကြရသည်။ ပြန်လည်ထိုးကြရာ၌ တွေ့မရှောင်က ဖဝါးထက်ကြပ် မနားတမ်းလိုက်နေသဖြင့် သူရရဲအောင်မှာ ဟန့်စစ်ဆင်ရန်ပင် အခွင့်မရတော့ဘဲ တစ်ဆုတ်တည်းဆုတ်နေရသည်။ ရုံခါတွင် ခုန်တိုက်သော ဗလာဒူးများကလည်း တွေ့မရှောင်ကို တွန့်သွားအောင် မစွမ်းစေသဖြင့် တွေ့မရှောင်က ဘရိတ်ဒန့်ပင် ကပြသေးသည်။ အနားယူပြီး ဖြည့်စွက်ချိန် ၂မိနစ်၂၇စက္ကန့်အတွင်း တွေ့မရှောင်က မျက်နှာကို ညာခြေဖဝါးဖြင့် နင်းချပြီး နံကြားသို့ ညာဝိုက်ကပ်ထိုးသဖြင့် သူရရဲအောင်အမှတ်စဉ်အရေးခံရသေးသည်။

အလဲထိုးပွဲသိမ်း

သူရရဲအောင်သည် ကြိုးဝိုင်းသမ္ဘာရင့်သူဖြစ်ပြီး သတ်လုံးသတ်ပေါက်စုံသူဖြစ်သော်လည်း တွေ့မရှောင်က မရပ်မနားတိုက်စစ်ဆင်သည့်အခါ ခံစစ်လုံအောင် မကာနိုင်တော့ဘဲ တတိယအချီ ၂မိနစ် ၄စက္ကန့်၌ အလဲထိုးဖြင့် ပွဲသိမ်းခံလိုက်ရသည်။ ယခုပွဲ၌ တွေ့မရှောင် အနိုင်ရခဲ့ခြင်းသည် မာဂုဏ်ရှိခြင်း၊ သက်လုံကောင်းခြင်းနှင့် လက်သီး၊ ဒူး၊ တံတောင်၊ ခြေကန်၊ ခေါင်းတိုက်များကို အကွက်ဆိုက်တိုင်း အသုံးချနိုင်ခြင်းကြောင့် သူရရဲအောင်ကဲ့သို့ မိမိထက် ဝိတ်တန်းမြင့်ပြီး သမ္ဘာရင့်သော ထပ်ဆင့် ရွှေခါးပတ်ချန်ပီယံကို အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း လက်ဝှေ့ရေးရာ ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။ တွေ့မရှောင်က ယခုနိုင်ပွဲနှင့်ပတ်သက်၍ **"ကျွန်တော့်ကို ပရိသတ်က မျှော်လင့်ထားတယ်ဆိုတာ သိရတော့ သူတို့မျှော်လင့်ထားသလိုဖြစ်အောင်လုပ်ပြဖို့ ကျွန်တော့်မှာတာဝန်ရှိတယ်ဆိုပြီး ကျွန်တော် အနာခံရန်းလိုက်တာပါ။ တကယ်တော့ကိုသူရဟာ အရည်အချင်းရှိတဲ့ လက်ဝှေ့သမား တစ်ယောက်ပါ။ ကျွန်တော် ဒီနေ့အမှားမလုပ်မိတာကြောင့်လည်း ဒီပွဲကို အနိုင်ရတာ ဖြစ်ပါတယ်။ တစ်ကွက်လောက် မှားရင်ပဲ ကိုသူရက ကောက်စားလိုက်မှာ သေချာပါတယ်"** ဟု ပြောကြားသည်။

ဒုတိယနေ့စိန်ခေါ်ပွဲ

ယနေ့ပွဲစဉ်များတွင် အဓိကပွဲကြီးများက နှစ်ပွဲပေါင်း ငါးချီမပြည့်သော်လည်း စက္ကန့်တိုင်း တိုက်ကွက်ဖော်ကြသဖြင့် ပရိသတ် အားရခဲ့သောပွဲဖြစ်ခဲ့သည်။ စက်တင်ဘာ၂၈ရက်**(ယနေ့)**တွင် ဆက်လက်ကျင်းပမည့် ဒုတိယနေ့ပွဲစဉ်များတွင်လည်း စောသဲမင်း(K.L.N)နှင့် ဒေဝဗလ (ရက္ခဗျာလ)၊ စောအာကာ (K.L.N)နှင့်စိန်သံမဏိ(အလင်းရောင်)၊ ဒေါနအောင်(ရွှေလက်ရာ) နှင့် ကျန်စစ်အောင်(အလင်းရောင်)၊ ရှမ်းသွေးလေး (ဒေါင်းမြန်မာ)နှင့် ဟိန်းညီညီ(မြို့တော်စည်ပင်) တို့ပွဲများအပြင် ထပ်ဆင့် ရွှေခါးပတ်ချန်ပီယံလုံးချောနှင့် စိန်ခေါ်သူအဆင့်(၁)စောငမန်းတို့၏ အဓိကစိန်ခေါ်ပွဲကြီးပါဝင်မည်ဖြစ်ပြီး မွန်းလွဲ၂နာရီ၌ ပွဲစဉ်များကို စတင်မည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စောဂပရေမှူး၏ ညာခြေကန်ချက်ကြောင့် ဖိုးကေ(မန္တလေး)ပြိုလဲလုဆဲဆဲ။ (မြန်မာ့အလင်း)

စပါးအထွက်နှုန်း အမြင့်ဆုံးရရှိအောင်ဆောင်ရွက် ဒေသနှင့်ကိုက်ညီသည့် မျိုးစပါးများ ပြောင်းလဲစိုက်ပျိုး

တွက်ခြေကိုက်သည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါ ရေသွင်းစိုက်ပျိုး

နေပြည်တော် စက်တင်ဘာ ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းက မန္တလေးတိုင်း မြင်းခြံမြို့နယ် ဆိတ်ညံ လျှပ်စစ်မြစ်ရေတင်စီမံကိန်းဒေသ ဂျုပ်ပင်ကျေးရွာအနီး၌ စိုက်ပျိုးထားသည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါနှင့် နေကြာ သီးညှပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် တောင်သာမြို့နယ် ကျောဇီလျှပ်စစ် မြစ်ရေတင်စီမံကိန်းနှင့် ညောင်ဦးမြို့နယ် ငါ့သရောက်လျှပ်စစ် မြစ်ရေတင်စီမံကိန်းဧရိယာ လက်ပန်ခြေပေါ်ကျေးရွာတစ်ဝိုက်၌ စိုက်ပျိုးထားသည့် မိုးစပါးဧက ၁၀၀ စံပြစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး မြင်းခြံ-ညောင်ဦး မော်တော်ကားလမ်းတစ်လျှောက်၌ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ ထပ်ဆင့်ရေတင် စက်ရုံအမှတ်(၂)၌ ရေတင်စက်ကြီးများဖြင့် ရေတင်နေမှု၊ ရေပေးတူးမြောင်းများမှ စပါးစိုက်ခင်းများကို ရေပေးနေမှု၊ သူကောင်းတည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဧရိယာ၌ ထပ်ဆင့်ရေတင်စခန်းများနှင့် ရေပေးမြောင်းများမှ စပါးခင်းများသို့ ရေပေးမှုနှင့် အောင်မြင်ဖြစ်ထွန်းနေသည့် မိုးစပါးခင်းများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူလယ်သမားများအား စပါးအထွက်နှုန်း အမြင့်ဆုံးရရှိအောင် ဆောင်ရွက်ရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးများပြောင်းလဲစိုက်ပျိုးရေး၊ ငွေချည်(၆)ချည်မျှင်ရှည်ဝါသည် တွက်ခြေကိုက်သည့် သီးနှံဖြစ်၍ ရေပေးသွင်းစိုက်ပျိုးရေးတို့ကို မှာကြားသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ညောင်ဦးမြို့နယ် ကျောက်ကူး လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ ဧရာဝတီမြစ်မှ ပင်မရေတင်စခန်းနှင့် ရေငြိမ်ကန်ရေပေးမြောင်းမှ ရေပေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုး

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၌ လက်ပန်ခြေပေါ် မြစ်ရေတင်ဖြင့် ဧက ၁၂၅၀၊ ငါ့သရောက်မြစ်ရေတင်ဖြင့် ဧက ၂၅၀၀၊ သူကောင်းတည်မြစ်ရေတင်ဖြင့် ဧက ၅၀၀၊ ကျောက်ကူးမြစ်ရေတင်ဖြင့် ဧက၂၀၀၊ လောကနန္ဒာမြစ်ရေတင်ဖြင့် ၅၉၇၇ဧက စုစုပေါင်း ၁၀၄၂၇ဧကကို စိုက်ပျိုးနေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူကြိုအရွယ်ကလေးငယ်များ အာဟာရကျွေးမွေးပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်ကြည့်ရှုအားပေး

စစ်တွေ စက်တင်ဘာ ၂၇

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ကြီးမှူးကျင်းပသည့် မူကြိုအရွယ်ကလေးငယ်များအတွက် အာဟာရဖြစ်သည့် အစားအစာချက်ပြုတ်ပြိုင်ပွဲနှင့်အာဟာရကျွေးမွေးပွဲအခမ်းအနားကို စက်တင်ဘာ၁၉ရက် နံနက်၉နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဇနီးဒေါ်သင်းမျိုးမျိုးအောင်၊ ဒုတိယဥက္ကဋ္ဌဗိုလ်မှူးကြီးစိုးလွင်နှင့်ဇနီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

အစီအစဉ်အရ ရခိုင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး အာဟာရချက်ပြုတ်ပြိုင်ပွဲအား လိုက်လံကြည့်ရှုစစ်ဆေးကာ ကိုယ်ဝန်ဆောင်မိခင်များသို့ သံဓာတ်အားဆေးများ ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး(**အပေါ်ပုံ**)နှင့် ဇနီးဒေါ်သင်းမျိုးမျိုးအောင်တို့သည် မူကြိုအရွယ်ကလေးများအား အာဟာရကျွေးမွေးခြင်းကိုလိုက်လံကြည့်ရှုအားပေးကြသည်။

(ပြည်နယ် ပြန်/ဆက်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၉/၂၀၀၈) အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ်အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)က (၈/၂၀၀၈)အစည်းအဝေးမှ ဆုံးဖြတ်ချက်များအကောင်အထည်ဖော်နိုင်မှုအခြေအနေကို တင်ပြသည်။

ဆွေးနွေးညှိနှိုင်း

ထို့နောက် လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြပြီး ၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကျင်းပရေးကိစ္စ၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိကြသည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ရေးကိစ္စတို့ကို ဆွေးနွေးညှိနှိုင်းကြပြီး ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုံရွာခရိုင် ပြန်/ဆက် ဦးစီးဌာနကြီးမှူး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ ကျင်းပ

မုံရွာ စက်တင်ဘာ ၂၇

မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၂၅ရက် နံနက် ၉နာရီခွဲက မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး၊ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြော

ရှေးဦးစွာ တိုင်းဦးစီးမှူးက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ပတ်သက်၍ ဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

လေ့လာ

ထို့နောက် အခမ်းအနားသို့ တက်ရောက် လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၌ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်များကို ကြည့်ရှုလေ့လာကြသည်။

(ခရိုင် ပြန်/ဆက်)

တာပိန်(၂) ရေအားလျှပ်စစ်စီမံကိန်းအတွက် နှစ်ဖက်သဘောတူနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ



ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang Yunan United Hydropower Developing Co., Ltd တို့ တာပိန်(၂)ရေအားလျှပ်စစ်စီမံကိန်းအတွက် နှစ်ဖက်သဘောတူ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၇

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang Yunan United Hydropower Developing Co., Ltd. တို့ တာပိန်(၂) ရေအားလျှပ်စစ်စီမံကိန်းအတွက် နှစ်ဖက်သဘောတူ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၅ရက် ညနေပိုင်းက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang Yunan United Hydropower Developing Co., Ltd.မှ President, Mr.Wu Jing နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကား

အစီအစဉ်အရ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang Yunan United Hydropower Developing Co., Ltd. မှ President, Mr.Wu Jing က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

စာချွန်လွှာလက်မှတ်ရေးထိုး

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Datang Yunan United Hydropower Developing Co., Ltd. မှ President တို့က နှစ်ဖက်နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ကြသည်။

တပ်ဆင်အား

ယနေ့ နားလည်မှုစာချွန်လွှာ ရေးထိုးသော တာပိန်(၂)ရေအားလျှပ်စစ်စီမံကိန်းမှာ စက်တပ်ဆင်အား မဂ္ဂါဝပ် ၁၆၀ရှိမည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ဆီဆိုင် စက်တင်ဘာ ၂၇

ဆီဆိုင်မြို့နယ် နောင်မွန်ကျေးရွာအုပ်စု နောင်မွန်ကျေးရွာ ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၃ရက် နံနက် ၁၀နာရီက မြို့မအခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယရဲမှူးလှကြွယ်က အဖွင့်အမှာစကားပြောကြားပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းအေး မိသားစုက ပေးအပ်လှူဒါန်းသည့် စာအုပ်၊ စာစောင်များကိုတောင်ကြီး ကိုယ်ပွားသတင်းစာတိုက် တာဝန်ခံအရာရှိ ဦးနိုင်ထွန်းကလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက စာအုပ်မျိုးစုံနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်က သုတ၊ ရသစာအုပ်များကို လည်းကောင်း၊ ကျေးရွာအလှူရှင်များက စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် စာကြည့်တိုက်မှူး ဒေါ်စိုးစိုးအေးတို့က လက်ခံကြသည်။

(မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ် မြန်မာပြည်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်၏ ၂၀၀၇-၂၀၀၈ခုနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၂၅ရက်က အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားစဉ်။ (၁၇၁)

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

(၁၆)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် သူရမောင်သိန်းခန်းမ၌ကျင်းပရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးသိန်းနိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်မတော်(လေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်မြို့တော်စည်ပင်တို့မှ ဒိုင်လူကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် အသင်းရှစ်သင်းတို့မှ အုပ်ချုပ်သူနှင့် အားကစားသမားများ၊ အရာရှိစစ်သည်၊ မိသားစုဝင်များ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ တက်ရောက်လာကြသူများက လက်ဝှေ့ပြိုင်ပွဲ သတ်မှတ်ဝိတ်တန်းအလိုက် ဗိုလ်လုပွဲ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ သတ်မှတ်ဝိတ်တန်းအလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုရ (မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်)အသင်းအား ကာကွယ်ရေးဦးစီးချုပ်လေကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးသိန်းနိုင်**(အပေါ်ပုံ)**က တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၂၇

ဒုတိယဗိုလ်မှူးကြီး စိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပေါင်းလောင်းရေအားလျှပ်စစ် ဂေါက်ကွင်း၌ ဂေါက်သီးရိုက် ကစားစဉ် ကျင်းအမှတ်(၈)၌ ၁၇၆ကိုက် အကွာမှ Taylor Made-2 ဂေါက်သီးကို Toppoint Changer Wood-5 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။

ကစားဖော်

ထိုအချိန်တွင် ကစားဖော်များ အဖြစ် ဗိုလ်မှူးကြီးမင်းထိန်၊ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဦး၊ ဒုတိယဗိုလ်မှူးကြီးမြင့်နွယ်တို့ ရှိနေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ရှင်းလင်းပြောကြား

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က စက်မှုဇုန်များအတွင်း အဖျက်အမှောင့်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှု အန္တရာယ်ကို ကြိုတင်ကာကွယ်ရေး၊ အလုပ်သမားနှင့် အလုပ်ရှင်အကြား အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ပေးရေး၊ အသံနှင့် အနံ့ဆိုးစက်ရုံများ ရွှေ့ပြောင်းရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ကဏ္ဍအလိုက်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်အတွင်း ဖြန့်ဖြူးတင်ပို့ရောင်းချမှု၊ လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

စီမံဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ကဏ္ဍအလိုက် ပေါင်းစပ်စီမံဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းလမ်းများ ပြင်ဆင်ထိန်းသိမ်းမှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၇ရက်က ဘုရားချောင်းလမ်း လမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးလှဦးနှင့် အဖွဲ့ဝန်ထမ်းများဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်တို့က စစ်ဆေးကြပ်မတ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဘူလ်ဂေးရီးယားကမ်းလွန်၌ ကုန်တင်သင်္ဘောနစ်မြုပ်

မော်စကို စက်တင်ဘာ ၂၇

ဘူလ်ဂေးရီးယားနိုင်ငံ ကမ်းလွန်ပင်လယ်နက်ရေပြင်၌ စက်တင်ဘာ ၂၇ရက်က မုန်တိုင်းမိပြီး ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ကြောင်း၊ ယင်းသင်္ဘောသည် ယူကရိန်းသို့မဟုတ် ရုရှားနိုင်ငံမှ သင်္ဘောဖြစ်သည်ကို သေချာစွာမသိရသော်လည်း သင်္ဘောသား ၁၀ဦးစလုံး ပျောက်ဆုံးလျက်ရှိကြောင်း ဘူလ်ဂေးရီးယား အရာရှိများက ပြောကြားသည်။

ကျန်းမီမုန်တိုင်း တရုတ်(တိုင်ပေ)သို့ ဦးတည်နေ

ပေကျင်း စက်တင်ဘာ ၂၇

တရုတ်(တိုင်ပေ)သို့ ဦးတည်ကာ ကျန်းမီအမည်ရှိ မုန်တိုင်းရွေ့လျားလျက်ရှိကြောင်း၊ အဆိုပါမုန်တိုင်းသည် တစ်နာရီ ၁၁၄ မိုင်နှုန်း တိုက်ခတ်နိုင်ဖွယ်ရှိပြီး တရုတ်(တိုင်ပေ) အရှေ့တောင်ပိုင်းဒေသသို့ စက်တင်ဘာ၂၈ရက်၌ ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း တရုတ်မိုးလေဝသဌာနမှ သတင်းထုတ်ပြန်ထားသည်။

တရုတ်အာကာသယာဉ်မှူး လမ်းလျှောက်ရန်ပြင်ဆင်

ပေကျင်း စက်တင်ဘာ ၂၇

ရှန်ကျို့-၇ အာကာသယာဉ်ဖြင့် လိုက်ပါသွားသော တရုတ်အာကာသယာဉ်မှူး သုံးဦးအနက် အာကာသယာဉ်မှူး ကျိုင်ကျီဂန်သည် အာကာသအတွင်း လမ်းလျှောက်ရန်အတွက် စက်တင်ဘာ ၂၇ ရက် က အာကာသယာဉ်အတွင်းမှ တရုတ်နိုင်ငံအလံကို ဝှေ့ယမ်းကာထွက်ခဲ့ပြီး ၁၅ မိနစ်ကြာ အာကာသယာဉ် အပြင်ဘက်၌ နေထိုင်ခဲ့ကြောင်း၊ အာကာသအတွင်း လမ်းလျှောက်ရန်အတွက် ပြင်ဆင်မှုဖြစ်ကြောင်း သိရသည်။

ဟောလီးဝုဒ်နာမည်ကျော်သရုပ်ဆောင် ပေါလ်နယူးမင်းကွယ်လွန်

နယူးယောက် စက်တင်ဘာ ၂၇

အမေရိကန်နိုင်ငံ ဟောလီးဝုဒ်၏ နာမည်ကြီး သရုပ်ဆောင်ဟောင်းတစ်ဦး ဖြစ်သူ အသက် ၈၃နှစ်အရွယ်ရှိ ပေါလ်နယူးမင်းသည် စက်တင်ဘာ၂၆ရက်တွင် သူ၏နေအိမ်၌ ကင်ဆာရောဂါဖြင့် သေဆုံးခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းသည် ၁၉၈၇ ခုနှစ်က The Color of Money ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံး သရုပ်ဆောင်ဆုကို နောက်ဆုံးရရှိခဲ့ပြီး စုစုပေါင်း အော်စကာဆု ၁၀ ဆုရရှိခဲ့သူ ဖြစ်သည်။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ရခိုင်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်၌ မိုးသက်လေပြင်းကျရောက်နိုင်

ရန်ကုန် စက်တင်ဘာ ၂၇

စက်တင်ဘာ ၂၆ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုအခြေအနေကိုဖော်ပြရလျှင် ဘာမြူဒါတောင်ပိုင်းသို့ ကိုင်လီအမည်ရှိမုန်တိုင်း ဦးတည်လျက်ရှိသည်။ အမေရိကန်နိုင်ငံ ဗင့်နောမြို့အနီးဝန်းကျင်ဒေသတွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းကာ ရေလွှမ်းမှုဖြစ်ပေါ်ခြင်း၊ တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

စက်တင်ဘာ ၂၇ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာခဲ့သည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာခဲ့သည်။ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ မိုးထစ်ချုန်းရွာခဲ့သည်။

စက်တင်ဘာ ၂၇ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

ဘားအံ	၃ ဒသမ ၃၁ လက်မ
မောင်တော	၃ ဒသမ ၂၂ လက်မ
ပူတာအို	၂ ဒသမ ၄၈ လက်မ
ကော့ကရိတ်	၂ ဒသမ ၁၇ လက်မ
စစ်တွေ	၂ ဒသမ ၁၂ လက်မ
ကျောက်တော်	၁ ဒသမ ၉၃ လက်မ
ကလေးဝ	၁ ဒသမ ၈၉ လက်မ
ခန္တီး	၁ ဒသမ ၈၅ လက်မ

စက်တင်ဘာ ၂၈ရက်**(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာနိုင်ပြီး ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်သည်။ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်ဒေသများတွင်နေရာကွက်၍ မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

စက်တင်ဘာ ၂၈ရက်**(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မုတ်သုံလေ

မြန်မာစံတော်ချိန် မွန်းလွဲ၁၂နာရီခွဲ တိုင်းထွာချက်အရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး တိမ်ထူထပ်နေ၍ ကပ္ပလီပင်လယ်ပြင်၌ မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင်မူ မုတ်သုံလေအားကောင်းနေသည်။

မိုးသက်လေ

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တွင် မိုးသက်လေပြင်းများ ကျရောက်နေပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်မိုင်၄၀ မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မူးယစ်ကင်းစင် အလှဆင်

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် စက်တင်ဘာလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၈-၉-၂၀၀၈)ရက်နေ့

၂၀၀၈ခုနှစ် အောက်တိုဘာလအတွက်(၁၂-၁၀-၂၀၀၈)ရက်နေ့ နှင့် (၂၆-၁၀-၂၀၀၈)ရက်နေ့

မြောက်ယမား ဆည်လက်တံများမှ ဆည်ရေရရှိမှုဖြင့် ယင်းမာပင်မြို့၌ မိုးစပါးစိုက်ဧက ပြည့်မီရေးဆောင်ရွက်

ယင်းမာပင် စက်တင်ဘာ ၂၃

မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်သည် စက်တင်ဘာ ၁၄ရက်က ယင်းမာပင်မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ လည်ပေါက်ကျေးရွာအုပ်စု၊ ညောင်ပင်ကြီးစုကျေးရွာအုပ်စုနှင့် မင်းကံကြီးကျေးရွာအုပ်စုများသို့သွားရောက်ကာ မြောက်ယမား ဆည်လက်တံများမှ ဆည်ရေရရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် တမာပင်ခွကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ မိုးစပါးစိုက်ဧက ပြည့်မီရေး၊ အထွက်နှုန်းတိုးမြှင့်ရေးတို့အတွက် ရှင်းလင်းဆွေးနွေးပြီး လိုအပ်သည်များဆောင်ရွက်ပေးသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လည်ပေါက်ချဉ်ပြစ်လမ်း ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခရိုင်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲ ကော့ကရိတ်၌ကျင်းပ

ကော့ကရိတ် စက်တင်ဘာ ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့ကရိတ်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ကြက်ဆူပင်စိုက်ပျိုးပွဲတော်ကို စက်တင်ဘာ ၁၃ရက် နံနက် ၈နာရီက ကော့ကရိတ်မြို့ ချောင်းတောင်ရပ် အထကခွဲကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်နေလင်း **(အပေါ်ပုံ)**၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်ဝင်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်လွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လှိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သိန်းဝင်းနှင့် ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၇၀၀ကျော်တို့က စိုက်ပျိုးကြသည်။ **(ခရိုင် ပြန်/ဆက်)**

စည်းလုံးခြင်းရုပ်တု မတ္တရာ၌ဆောင်ရွက်

မတ္တရာ စက်တင်ဘာ ၁၆

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့အဝင် ဒင်္ဂါချောင်းလမ်းဆုံတွင် ဒေသထွက် စကျင်ကျောက်တစ်လုံးတည်းဖြင့် ထုလုပ်ထားသော စည်းလုံးခြင်းရုပ်တု ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၄ရက်က မတ္တရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲမြင့်ထွန်းနှင့် ဦးပြည်စိုးဝင်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

မြို့သာယာလှပရေး ရွှေကျင်၌ဆောင်ရွက်

ရွှေကျင် စက်တင်ဘာ ၂၄

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီသည် စက်တင်ဘာ ၅ရက်က ဗိုလ်ချုပ်လမ်း မီးစက်ကုန်းအပိုင်းပန်းခံ၌ အဖွဲ့ဝန်ထမ်းများနှင့်အတူ ပန်းခံတွင် မြက်စိုက်ပျိုးခြင်း၊ ပန်းအလှပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လမ်းဆုံနှင့် တံတားများ ကောင်းမွန်ရေးအတွက် ဖလမ်း၌ ဆောင်ရွက်

ဖလမ်း စက်တင်ဘာ ၂၃

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြလမ်းဆုံနှင့် တံတားများကောင်းမွန်ရေးအတွက် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလလ်ဟုပ်ထန်းက ဆောင်ရွက်လျက်ရှိသော ဗလိုင်ရပ်ကွက် ဂျိုးဖြူလမ်းရေထုတ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုကို စက်တင်ဘာ ၂၀ရက်က အမှုဆောင်အရာရှိ ဦးထလာဟရဲက ကွင်းဆင်းကြီးကြပ်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အုတ်တွင်းမြို့နယ်၌ မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်

အုတ်တွင်း စက်တင်ဘာ ၁၃

အုတ်တွင်းမြို့နယ် ဟင်းငုတ်ပင်ခတ်အားခွဲစက်ရုံ မူလတန်းလွန်ကျောင်း ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၃၁ရက် နံနက်ပိုင်းက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး လက်ထောက်ပညာရေးမှူး ဦးမောင်မောင်လွင်၊ ကျောင်းအကျိုးတော်ဆောင် ဦးဇော်ဝင်း၊ ဦးစိုးတင့်နှင့် ကျောင်းအုပ်ဆရာမကြီးတို့က ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်ကို မြို့နယ်ဥက္ကဋ္ဌ၊ ခပေါင်းရေအားလျှပ်စစ် လက်ထောက်ညွှန်ကြားရေးမှူးနှင့် လက်ထောက်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ကျောင်းဆောင်သစ်မှာ အကျယ်ပေ ၆၀× ပေ၃၀ရှိ သွပ်မိုး၊ အုတ်ကာ အဆောက်အအုံဖြစ်ပြီး စာသင်ခုံများအပါအဝင် ငွေကျပ် ၉၄ သိန်းခန့် ခပေါင်းရေအားလျှပ်စစ်နှင့် စေတနာရှင်ပြည်သူများက ထည့်ဝင်လှူဒါန်းဆောက်လုပ်ခဲ့ကြောင်းသိရသည်။ **(၃၁၆)**

မြို့နယ် သတင်းများ

ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပစေရေးအတွက် တာဝန်ခံအင်ဂျင်နီယာ ဦးဦးကျော်ညွန့် ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် မြို့ဝင်ဆိုင်းဘုတ်၌ မြေယာရှုခင်းအလှ ပြုပြင်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဝင်းဆန်း ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော်လယ်ဝေး ပြန်/ဆက် ဝန်ထမ်းများ စာကြည့်တိုက် ခိုင်မာရှင်သန်ရေးဆွေးနွေး

နေပြည်တော်လယ်ဝေး စက်တင်ဘာ ၁၄

နေပြည်တော်လယ်ဝေး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးအတွက် ဩဂုတ် ၃၁ရက် မွန်းလွဲ ၁နာရီက ပတ္တာကျေးရွာ ဘုန်းတော်ကြီး ကျောင်းဓမ္မာရုံ၌ တွေ့ဆုံဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ပတ္တာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုကြီးက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များခိုင်မာရှင်သန်ရေးအတွက် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဇန်းမော်မြို့နယ်၌ စာအုပ်များ လှူဒါန်း

ဇန်းမော် စက်တင်ဘာ ၂၄

ဇန်းမော်မြို့နယ်ရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများပူးပေါင်း၍ ရန်ပုံငွေနှင့် စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၂ရက် မွန်းလွဲ ၁နာရီခွဲက ဇန်းမော်မြို့ နောင်ခိုကျေးရွာအုပ်စု မင်းလှကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးသန်းထွန်းက စာကြည့်တိုက်ရေရှည် တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ် (၅)ရပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက ပေးအပ်လှူဒါန်းသော လှူငွေများစာကြည့်တိုက်အတွက် ရန်ပုံငွေနှင့် သုတရသစာအုပ် ၂၈၂အုပ်ကိုညွှန်ကြားရေးမှူး ဦးသန်းထွန်းက စာကြည့်တိုက်ကော်မတီသို့လွှဲပြောင်းပေးအပ်ရာ စာကြည့်တိုက်တာဝန်ခံ ဒေါ်မရန်လုက လက်ခံယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေပိုက်သွယ်တန်း

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် မြို့ပြရေပေးရေးလုပ်ငန်းဖြစ်သော ယန္တရားဝင်းရေစက်ရုံ ရေပိုက်သွယ်တန်းမှု လုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ်၂၂ရက်က အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းကျော်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာတတ်မြောက်ရေးနေ့ ဆီဆိုင်မြို့၌ ကျင်းပ

ဆီဆိုင် စက်တင်ဘာ ၁၃

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက် ၁၀နာရီက ဆီဆိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းနှင့် မြို့နယ်ပညာရေးမှူး ဦးထွန်းဝင်းတို့က အမှာစကားပြောကြားကြသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရကျောင်းသား၊ ကျောင်းသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှကြွယ်တို့က ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



ပုသိမ်ကြီးမြို့နယ်၌ နွေစပါးများ ရိတ်သိမ်းပြီးစီး မိုးစပါးထွန်တုံးပိတ်နိုင်ရေး ပျိုးပင်အလုံအလောက်ရရှိအောင် ဆောင်ရွက်

မန္တလေး စက်တင်ဘာ ၁၂

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင်များနှင့်ဌာနမှူးများလိုက်ပါလျက် ဩဂုတ်၇ရက် နံနက်၁၀နာရီခွဲက စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၏ မိုးစပါးစိုက်ပျိုးရန်အတွက် မြေယာပြုပြင်ဆောင်ရွက်ထားရှိမှု၊ ပျိုးပင်များပျိုးထောင်ထားရှိမှု၊ စိုက်ပျိုးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ပျိုးထောင်ထားရှိမှု

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းဒေသရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန၏ ဧက ၁၀၀ စပါးစိုက်ကွင်းသို့သွားရောက်ရာ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနဌာနမှူးက နွေစပါးအားလုံး ရိတ်သိမ်းပြီးစီးမှု၊ မြေယာပြုပြင်ဆောင်ရွက်ထားရှိမှု၊ ပျိုးပင်များပျိုးထောင်ထားရှိမှု၊ မနောသုခမိုးစပါးစိုက်ပျိုးပြီးစီးမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်က မဲကင်းကုန်း ဧက ၁၀၀ စပါးစိုက်ကွင်းတွင် မိုးစပါးကို ဩဂုတ်လ တတိယပတ်အတွင်း ထွန်တုံးပိတ်စိုက်ပျိုးနိုင်ရေးအတွက်ပျိုးပင်အလုံအလောက်ရရှိရေး၊ရေအလုံအလောက်ရရှိရေး၊ မြေယာပြုပြင်ဆောင်ရွက်ထားရှိရေးတို့အတွက် စိုက်ကွက်များအလိုက် စနစ်တကျဆောင်ရွက်သွားရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူး၊ ဌာနခွဲမှူးနှင့် စိုက်ကွင်းတာဝန်ခံတို့အားမှာကြားသည်။

မိုးစပါး

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် သမ္မတာကျေးရွာအုပ်စု ဌေးကြီးကုန်းရှိ လယ်မြေ ၃၇ ဒသမ ၅၄ဧကအား နွေစပါးရိတ်သိမ်းပြီး မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ဃ၁၃)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် သိမ်ဇရပ်ဈေးတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးနေထက်ရှိန်ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းမြင့်အောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကွန်ဟိန်း၌ ပိုးလောက်လမ်းနှိမ်နင်းရေးနှင့် ငှက်ဖျားရောဂါ ကာကွယ်ရေး ဟောပြော

ကွန်ဟိန်း စက်တင်ဘာ ၂၀

ကွန်ဟိန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကျန်းမာရေးဌာန၊ ရပ်ကွက်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ NGO အသင်းဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီမှစ၍ မြို့ပေါ်ငါးရပ်ကွက်နှင့် ကျေးရွာသုံးရွာတို့တွင် သွေးလွန်တုပ်ကွေးနှိမ်နင်းရေး ကျန်းမာရေးပညာပေးခြင်း၊ ပိုးလောက်လမ်းစစ်ဆေးခြင်းနှင့် အိမ်တွင်းအိမ်ပြင် ခြင်ပေါက်ပွားနိုင်သောနေရာများအား စစ်ဆေးပြုပြင်ရှင်းလင်းခြင်းနှင့် ပညာပေးခြင်းများကို အဖွဲ့ခုနစ်ဖွဲ့ခွဲ၍ တစ်ပြိုင်တည်း ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြသည်။ (အောက်ပုံ)

ပညာပေးဟောပြော

အဆိုပါ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာ၌ ပါဝင်ဆောင်ရွက်သူအဖွဲ့အစည်း ၁၀၈ဦး၊ ကွင်းဆင်းစစ်ဆေးသည့် အိမ်ထောင်စုပေါင်း ၉၆၉ စု၊ ကျန်းမာရေးစောင့်ရှောက်ကာကွယ်ပေးခဲ့သူ ဦးရေ ၄၉၆၂ဦးနှင့် ခြင်နှိမ်နင်းရေး၊ ပိုးလောက်လမ်းနှိမ်နင်းရေးနှင့် ငှက်ဖျားရောဂါကာကွယ်ရေး ပညာပေးဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

ဖလမ်းမြို့ သန့်ရှင်းသာယာလှပရေး ပန်းအလှပင် စုပေါင်းစိုက်ပျိုး

ဖလမ်း စက်တင်ဘာ ၂၂

ဖလမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် နေ့စဉ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ရက်က ဗိုလ်ချုပ်လမ်းဘေး ပန်းခုံများဆေးသုတ်ခြင်း၊ ရာသီပန်းအလှပင်များကို မြို့အဝင်ဆိုင်းဘုတ်နှင့် လမ်းမကြီး ဝဲယာတစ်လျှောက်တွင်လည်းကောင်း၊ မြို့တော်ခန်းမရှေ့တွင်လည်းကောင်း စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ ဆက်)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့်အဖွဲ့ ဩဂုတ် ၂၂ရက်က ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သုတဘဏ် စာကြည့်တိုက် ပင်းတယ၌ဖွင့်

ပင်းတယ စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်းတယမြို့နယ် တောင်ပေါ်ကြီးကျေးရွာအုပ်စု မာဖာကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ရက် နံနက် ၉နာရီက အဆိုပါကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပသည်။

ရှေးဦးစွာ သုတဘဏ်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးထွေးနှင့် မာဖာကျေးရွာဥက္ကဋ္ဌ ဦးအောင်ဆန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (မြို့နယ် ပြန်/ဆက်)

ကျောင်းကုန်းမြို့နယ်၌ မိုးစပါးအထွက်တိုးရေး စုပေါင်း ပေါင်းလိုက်၊ တမန်းနှိုးနှင့် မြေဩဇာကြဲပက်

ကျောင်းကုန်း စက်တင်ဘာ ၁၄

၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါးစုပေါင်း၍ ပေါင်းမြက်ရှင်းလင်းခြင်း၊ တမန်းနှိုးခြင်းနှင့် သဘာဝဓာတ်မြေဩဇာကြဲပက်ပွဲကို ဩဂုတ် ၂၆ရက် နံနက် ၇နာရီက ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာရှိ လယ်သမားကြီး ဦးလှဌေး၏ ဆင်းသွယ်ရင်စပါး သုံးဧကတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့များ တက်ရောက်၍ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ထွန်းမြင့်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်သူလယ်သမားကြီးများ၏ ဆောင်ရွက်နေမှုများကို ကွင်းဆင်း ကြည့်ရှုအားပေးသည်။

ထို့နောက် တောင်သူများနှင့်တွေ့ဆုံ၍ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဆွေးနွေးပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကြည်သိန်းက တစ်ဧကစပါးအထွက်နှုန်းတိုးတက်စေရန် ပေါင်းလိုက်၊ တမန်းနှိုးခြင်းနှင့် သဘာဝမြေဩဇာ သုံးစွဲကြဲပက်ခြင်းနည်းပညာများကို ပညာပေးဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျောက်ပန်းတောင်း အထက(၂)၌ကျင်းပ

ကျောက်ပန်းတောင်း စက်တင်ဘာ ၂၆

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ဟောပြောပွဲ၊ စာဖတ်ပွဲ၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်များပြပွဲအခမ်းအနားများကို အခြေခံပညာ အထက်တန်းကျောင်းများတွင် လှည့်လည်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၄ရက် မွန်းလွဲ ၂နာရီက အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်အကြူက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်နုနုကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်က ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရုပ်/သံ (၃) ဦးဇော်တိုးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြပြီး ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြသထားသည်များကို စိတ်ဝင်စားစွာ လေ့လာဖတ်ရှုကြသည်။

အလားတူပင် စက်တင်ဘာ ၂၅ရက်ကလည်း အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ဟောပြောပွဲ၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲ စာဖတ်ပွဲများ ဆက်လက် ကျင်းပကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ချောင်းဦးမြို့နယ် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဖလား ဘောလုံးဗိုလ်လုပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

ချောင်းဦး စက်တင်ဘာ ၁၉

ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဖလား အမြင့်တိုက်နယ် ကျေးရွာအုပ်စုဘောလုံးပြိုင်ပွဲ ဗိုလ်လုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် ညနေ ၃ နာရီက အမြင့်တိုက်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကိုကျင်းပရာ တောကျောင်းလေးကျေးရွာ (က)အသင်းနှင့် ဝယာကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောကျောင်းလေး ကျေးရွာ(က) အသင်းက ဝယာကျေးရွာ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော တောကျောင်းလေးကျေးရွာ(က) အသင်း၊ ဒုတိယဆုရ ဝယာကျေးရွာအသင်း၊ တတိယဆုရ ကံကြီးကျေးရွာအသင်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးသမား အကောင်းဆုံးဆုများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (ကြံ့ခိုင်ဖွံ့ဖြိုးအသင်း)

ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သုံးပန်လှလမ်း ကတ္တရာ ခင်း ခြင်း လုပ်ငန်း အတွက် ကျောက်စုဆောင်းထားရှိမှုကို စက်တင် ဘာ ၁၄ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦး ကြည့်ရှု စစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လပွတ္တာမြို့ အမှတ် (၅)ရပ်ကွက် လမ်းမတော်လမ်းရှိ စည်ပင်သာယာရေး အဖွဲ့ပိုင် ယာယီပုံကျဈေးအတွင်း ယင်လုံဆန်ခါများဖြင့် ရောင်းချနေမှုကို ဩဂုတ် ၃၁ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းနှင့် ဈေးတာဝန်ခံ ဦးဇော်မင်းထွန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုဌာနများဖွင့်
ဒေသခံပြည်သူများ နိုင်ငံတကာအဆင့်မီ ဆေးကုသမှုများခံယူနိုင်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီးများ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)အတွင်း အသစ်ထပ်မံ ဖွင့်လှစ်သည့် အထူးကုသမှုဌာနများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၇

နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)အထူးကုသမှုဌာနများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ အဆိုပါပြည်သူ့ဆေးရုံကြီး၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်ချီးမြှင့်၍ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲ များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နေပြည်တော်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် သမားတော်ကြီး များ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဖိတ်ကြား ထားသူများ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေ တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ ကျော်မြင့်တို့က အထူးကုသမှုဌာနများဖွင့်ပွဲ အထိမ်း အမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမွှေးနံ့သာပက်ဖျန်း

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က *စာမျက်နှာ ၈ ကော်လံ ၁* ❐

မြန်မာ့လူမှုဘဝနှင့် ယဉ်ကျေးမှုပန်းချီပြိုင်ပွဲ
မသဲစုလှိုင်၊ မခိုင်မေသူနှင့် မောင်ကောင်းထက်ကျော်တို့ ဆုများရရှိ

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာ့ပန်းချီအနုပညာ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုပေးသည့်အနေဖြင့် Parkroyal Yangon မှဦးဆောင်ကာ **"မြန်မာ့လူမှုဘဝနှင့်ယဉ်ကျေးမှု"**ခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲတစ်ရပ် ကျင်းပခဲ့ရာ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Parkroyal ဟိုတယ်၌ စက်တင်ဘာ ၂၇ရက် နံနက်၁၀နာရီက ကျင်းပသည်။

ဆုရရှိ

ယခုကျင်းပသည့် "Parkroyal Yangon Youth Art Award 2008" ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများမှာ (၁၅-၂၀)နှစ် အကြီးတန်းပြိုင်ပွဲ၌ မသဲစုလှိုင်က ပထမ၊ မောင်ထက်အောင်က **စာမျက်နှာ ၉ ကော်လံ ၁** ❍

"ရွှေစွန်ညို ကစားနည်းကို ကြိုက်နှစ်သက်လွန်းလို့ ရေးဆွဲခဲ့တာပါ" မခိုင်မေသူ

အနုပညာသတင်း
မိုးမြင့်လင်းလက်

ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို

တွေ့မရှောင်(ဝဲ)၏ ဘယ်ဒူး၊ ဘယ်လက်သီးက သူရရဲအောင် ပေါင်နှင့် မျက်နှာကို ဤသို့ ထိမိခဲ့သည်။ (မြန်မာ့အလင်း)

သတင်းမြင်ကွင်း
ဇင်လင်းထွန်း(ဓနုဖြူ)

ဓာတ်ပုံမှတ်တမ်း
သိန်းဝင်းလေးနှင့် တင်စိုး
(မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

အလဲအကွဲပွဲများဖြင့် ပရိသတ်ကိုဆွဲလှုပ်နိုင်ခဲ့သော
မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ပထမနေ့ပွဲစဉ်များ

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊အားကစားဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ Calsome ကွေကာ(MDG Co., Ltd.)၏ အဓိကကူညီပံ့ပိုးမှုဖြင့် T&T Group မှ ကိုစိုးသန်းဝင်း တာဝန်ယူ စီစဉ်သော Calsome Challenge Fight-1 မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ပထမနေ့ပွဲစဉ်များကို စက်တင်ဘာ ၂၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီမှ စတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ပွဲစဉ်ပေါင်းရှစ်ပွဲဖြင့် ကျင်းပခဲ့ရာ အဓိကစိန်ခေါ်ပွဲကြီးနှစ်ရပ်၌ ဓောဂပရေမှူး(တွံတေး)က ဖိုးကေ(မန္တလေး)ကို၊ တွေ့မရှောင်(K.L.N)က သူရရဲအောင်(မြန်မာပြည်သား)ကို အလဲထိုးအနိုင်ရရှိသွားကြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၃* ■

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ လက်ဝှေ့ဝါသနာအိုးများ ဤသို့ တစ်ခဲနက်အားပေးကြည့်ရှုခဲ့ကြသည်။ (မြန်မာ့အလင်း)

28-9 (20).pmd 1 9/28/2008, 3:23 AM